# ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်၊ တနင်္လာနေ့၊ (20-10-2008) (၅ ၈၃၇)


**(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး၊ ပြိုင်ပွဲကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ ရန်ကုန်တိုင်းကိုယ်စားပြု ပြဇာတ်အဖွဲ့၏ "လူငယ်အားမာန် မိုးယံဆီသို့"ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်တင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။** (သတင်းစဉ်)

# အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ပြဇာတ်ပြိုင်ပွဲ ယှဉ်ပြိုင်တင်ဆက်မှု ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၁၉

**(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး နာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီးဒေါ်ခင်စောနှင်းတို့သည် ယမန်နေ့ည ၉နာရီတွင် နေပြည်တော် ရေဆင်းတက္ကသိုလ် နယ်မြေရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ "လူငယ်အားမာန် မိုးယံဆီသို့" ခေါင်းစဉ်ဖြင့် ရန်ကုန်တိုင်းကိုယ်စားပြု ပြဇာတ်အဖွဲ့၏ ပါဝင်ယှဉ်ပြိုင်တင်ဆက်မှုကို တက်ရောက် ကြည့်ရှု အားပေးကြသည်။**

အဆိုပါ ယှဉ်ပြိုင်တင်ဆက်ရာသို့ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့်ဇနီး၊ ပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့်ဇနီး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးဝင်းအောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့်ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။





"လူငယ်အားမာန်မိုးယံဆီသို့"ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်တင်ဆက်သည့် ရန်ကုန်တိုင်းကိုယ်စားပြု ပြဇာတ်အဖွဲ့တွင် စီစဉ်ကြီးကြပ်သူအဖြစ် ဗိုလ်မှူးမျိုးသန့်နှင့် ဒယ်ဒီဂမုန်း၊ ဇာတ်လမ်းဇာတ်ညွှန်း ဒါရိုက်တာ ဇော်မင်းဝင်း၊ ဂီတမှူး ပြည်မြန်မာ ဟိန်းရာဇာ၊ ရွာစား ဟိန်းရာဇာ ဆိုင်းအဖွဲ့၊

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ✳

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✳ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ကျန်းမာရေးစောင့်ရှောက်မှု အထောက်အကူပြု ဟုမ္မလင်းမြို့ ခုတင် ၁၀၀ဆံ့ ပြည်သူ့ဆေးရုံသစ်ကြီး

**သတင်းမှတ်စု- ငြိမ်းခင်ခင်**

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးသည် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာရေးအတွက် အရေးကြီးသည့် လုပ်ငန်းပင်ဖြစ်သည်။ နိုင်ငံလူဦးရေအများစုသည် ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိရာ နိုင်ငံတော်အစိုးရက ကျေးလက်ဒေသနေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး တိုးတက်မြင့်မားစေရန် စီမံကိန်းလုပ်ငန်းများ ချမှတ်ဖော်ဆောင်ပေးလျက်ရှိသည်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ❁



ဟုမ္မလင်းမြို့ ပြည်သူ့ဆေးရုံ

**ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးရန်အတွက် စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့တွင် တည်ဆောက်ထားသည့် ခုတင် ၁၀၀ဆံ့ ပြည်သူ့ဆေးရုံ။**

## ယနေ့ ကြေးမုံ ဆောင်းပါးအညွှန်း

မြန်မာစာပေနှင့် အနုပညာရပ်များမှာ နေလပမာ ထွန်းလင်းဖြာခဲ့ရာတွင် ဇာတ်သဘင်အနုပညာလည်း အပါအဝင် ဖြစ်ခဲ့လေသည်။

ဦးရဲဒွေး (အမြင့်သဘင်)

(ဆောင်းပါး) စာမျက်နှာ ၆

အတည်ပြုချိန် - ၃း၃၀

ကြေးမုံ The Mirror

၂၀-၁၀-၂၀၀၈
(တနင်္လာနေ့)

# မိခင်နှင့်ကလေးကျန်းမာရေး တိုးမြှင့်ဖော်ဆောင် ပြည်သူလူထုအခြေပြု လက်တွဲညီညီကြိုးပမ်း

နိုင်ငံတော်အစိုးရက တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး ရည်မှန်းချက်ကို ချမှတ်ဖော်ဆောင်နေသည်။အမျိုးသားကျန်းမာရေးကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ ပြည်သူ့ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသည် ပြည်သူတို့၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာရေးလုပ်ငန်းများတွင် စေတနာ့ဝန်ထမ်း ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ပြည်နယ်၊ တိုင်း၊ ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့အဆင့်ဆင့်နှင့် မြို့နယ်အသင်းပေါင်း သုံးရာကျော်တို့က ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ကူညီလျက်ရှိကြသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ် မွေးဖွားသော ကိုယ်ဝန်ဆောင်မိခင်ပေါင်း တစ်သန်းကျော်ရှိရာ မိခင်များနှင့် မွေးစကလေးများအတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဖော်ဆောင်ပေးနေသည်ကို တွေ့ရသည်။ ကျေးရွာတစ်ရွာတွင် ကျွမ်းကျင်သော သားဖွားဆရာမ တစ်ဦးရှိရေး ရည်ရွယ်လျက် သားဖွားဆရာမများ တိုးမြှင့်မွေးထုတ်ပေးလျက်ရှိသကဲ့သို့ အရန်သားဖွား ဆရာမများကိုလည်း ကိုယ်ဝန်ဆောင် မိခင်များနှင့် မွေးစကလေးစောင့်ရှောက်မှုဆိုင်ရာ သင်တန်းများ ပေးလျက်ရှိသည်။

ထို့အပြင် မြို့ပြနှင့် ကျေးလက်ဒေသများရှိ ကျန်းမာရေးဌာနများ၌ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု ပညာပေးခြင်း၊ ပိုးမွှားသန့်စင်သော နည်းဖြင့် စနစ်တကျ မွေးဖွားပေးခြင်း၊ မွေးပြီးမိခင်နှင့် ကလေး စောင့်ရှောက်မှုပေးခြင်း၊ ငါးနှစ်အောက်ကလေးစောင့်ရှောက်မှုပေးခြင်း၊ မိခင်နှင့်ကလေး အာဟာရဖွံ့ဖြိုးရေး ပညာပေးခြင်းနှင့် ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို အဓိကဆောင်ရွက်ပေးနေပြီဖြစ်သည်။

မိခင်များ ကိုယ်ဝန်ဆောင်ချိန်၊ မီးဖွားစဉ်နှင့် မီးဖွားပြီး ကာလများ၌လည်း စနစ်တကျ စောင့်ရှောက်မှုပေးလျက်ရှိ သည်။ ထို့အပြင် မျိုးပွားအင်္ဂါလမ်းကြောင်းရောဂါ၊ လိင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများ ကာကွယ်ကုသပေးခြင်း၊ လူငယ်မျိုးပွားကျန်းမာရေးလုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုအခါ မြန်မာနိုင်ငံရှိ ကိုယ်ဝန်ဆောင်မိခင်များ၏ လေးပုံသုံးပုံကျော်သည် လေ့ကျင့်ထားသော ကျန်းမာရေးဝန်ထမ်းများ၏ စနစ်တကျ စောင့်ရှောက်မှုကို ခံယူရရှိနေကြပြီဖြစ်သည်။

နိုင်ငံတော်အစိုးရက မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို တိုးမြှင့်ဖော်ဆောင်လျက်ရှိရာတွင် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် စေတနာရှင်ပြည်သူများက မိခင်နှင့်ကလေးငယ်များ အပါအဝင် အသက်အရွယ်မရွေး အင်အားပြည့်ဗီတာမင်အေဆေးလုံး၊ သံဓာတ်ဆေးပြား၊ ဗီတာမင်ဘီဝမ်းဆေးပြားများ တိုက်ကျွေးခြင်း၊ အာဟာရဓာတ် ဖြည့်စွက်ထားသည့် အစားအစာများ ထုတ်လုပ်စားသုံးစေခြင်း၊ ကာကွယ်ဆေးထိုး၊ ဆေးတိုက်ကျွေးခြင်း စသည့်လုပ်ငန်းများ၌ ပြည်သူလူထုအခြေပြု လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

## အိမ်မဲမြို့နယ် စံပြစိုက်ကွင်း၌ ငါးမျိုးစိုက်ထည့်

**ရန်ကုန် အောက်တိုဘာ ၁၉**

အိမ်မဲမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ အိမ်မဲမြို့နယ် ဘုရားကြီးကုန်းကျေးရွာအုပ်စု မြို့ဝင်မိုးစပါး ဧက (၁၀၀၀) စံပြစိုက်ကွင်း၌ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားတွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိန်မြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးများ၊ မြို့နယ်စိုက်တိုးမြှင့်၊ မွေးတိုးမြှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တောင်သူလယ်သမားများက ငါးသားပေါက်ကောင်ရေ ၁၂၅၀၀၀ကို စိုက်ထည့်ပေးကြသည်။

**(အောက်ပုံ)(မြို့နယ်/ပြန်ဆက်)**




ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ရန်ကုန်မြို့ရှိ စက်သုံးဆီအရောင်းဆိုင်များ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁၉

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် အောက်တိုဘာ ၁၈ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၏ စက်သုံးဆီအရောင်းဆိုင်အမှတ် (၀၂၇၅)သို့ သွားရောက်၍ မော်တော်ယာဉ်များအား စက်သုံးဆီဖြည့်တင်းပေးနေမှုနှင့် စာရင်းဇယားများ မှန်ကန်မှု ရှိမရှိတို့ကို ကြည့်ရှုစစ်ဆေးပြီး စက်သုံးဆီ အချင်အတွယ် ပြည့်ဝမှန်ကန်စေရေး၊ ပြည်သူလူထုနှင့် ပြေပြစ်စွာ ဆက်ဆံရေးကို အလေးထား ဆောင်ရွက်ကြရန် မှာကြားကာ ယာဉ်ပိုင်ရှင်များနှင့် ယာဉ်မောင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။**

ထို့နောက် ဝန်ကြီးသည် စက်သုံးဆီအရောင်းဆိုင်အမှတ် (၀၂၆၁) သို့ သွားရောက်၍ မော်တော်ယာဉ်များအား စက်သုံးဆီ ရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးပြီး စက်သုံးဆီ အချင်အတွယ် ပြည့်ဝမှန်ကန်စွာ ရရှိစေရန်၊ မီးဘေးအန္တရာယ် ဂရုပြုကြရန် မှာကြား၍ပိုင်ရှင်များနှင့် ယာဉ်မောင်းများအား တွေ့ဆုံကာ ယာဉ်မောင်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ရန်ကုန်မြို့ရှိ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၏စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၂၇၅)တွင်မော်တော်ယာဉ်များ စက်သုံးဆီဖြည့်တင်းနေမှုကိုကြည့်ရှုစစ်ဆေးစဉ်။**

(စွမ်းအင်)

# မူးယစ်ပြတိုက်နှင့် လေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၉**

မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက် ပြန်လည် မွမ်းမံပြင်ဆင်ရန်နှင့် လေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့်ဆေးဝါးများ ပေးအပ်လှူဒါန်းပွဲကို အောက်တိုဘာ ၁၇ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ ပြည်ထဲရေးဝန်ကြီးဌာန(ရုံးဟောင်း)အစည်းအဝေးခန်းမ၌ကျင်းပရာထိုင်းနိုင်ငံမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့နှင့် ထိုင်း-မြန်မာချစ်ကြည်ရေးအသင်းတို့ ကိုယ်စား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးMr.Bansarn Bunnag က မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက် ပြန်လည်မွမ်းမံပြင်ဆင်ရန်အတွက်အလှူငွေကျပ် ၅၂၅၀၀၀၀ကိုလည်းကောင်း၊ လေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် ဆေးဝါးများကိုလည်းကောင်း ပေးအပ်လှူဒါန်းပြီး **(အောက်ဝဲပုံ)** ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ဘုန်းဆွေက လက်ခံကာ ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုကျင်းပ

**ပင်လောင်း အောက်တိုဘာ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လောင်းမြို့နယ်တွင်အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၁၁ ရက် နံနက်၁၀နာရီက ကျန်းမာရေး ဦးစီးဌာနမှူးရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အခမ်းအနား၌ မြို့နယ်ဥက္ကဋ္ဌ ဒုတိယရဲမှူးအုန်းရွှေကအဖွင့်အမှာစကားပြောကြား၍ မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ တိုးမောင်က အာဟာရအုပ်စုများအကြောင်းရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ် ဥက္ကဋ္ဌ ဒုတိယရဲမှူး အုန်းရွှေ၊ မြို့နယ်အတွင်းရေးမှူး ဒေါ်မင်းမင်းထွန်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ တိုးမောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊စည်ပင်နှင့်မိခင်ကလေး၊အမျိုးသမီးရေးရာ၊မီးသတ်စသည့်လူမှုရေးအသင်းအဖွဲ့ဝင်များသည် ပင်လောင်းမြို့မဈေးအတွင်း လှည့်လည်၍ အိုင်အိုဒင်းဆား စစ်ဆေးခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(ပြန်/ဆက်)

## အထက(၃)မင်္ဂလာဒုံ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၉**

မင်္ဂလာဒုံမြို့နယ် အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်း (ယခင် အင်းစိန်ခရိုင်၊ ထောက်ကြံ့ စံပြကျေးရွာအစိုးရအလယ်တန်းကျောင်း၊ အမှတ်(၂)အစိုးရအလယ်တန်းကျောင်း၊ ထောက်ကြံ့)တို့မှ အငြိမ်းစားယူခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ၂၂ ရက်(စနေနေ့) နံနက် ၈နာရီတွင် အထက(၃) မင်္ဂလာဒုံ ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ရပ်ဝေးရပ်နီးမှ အပူဇော်ခံမည့် ဆရာကြီး၊ ဆရာမကြီးများနှင့်ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများထည့်ဝင်လှူဒါန်းလိုသူများသည် ဦးမြထွေး ဖုန်း-၆၀၀၀၂၃၊ ဦးလှရှိန် ဖုန်း-၆၀၀၁၄၃၊ ဦးနေဝင်း ဖုန်း-၆၀၀၁၃၁၊ ဦးကျော်သူ ဖုန်း-၆၀၀၁၇၀နှင့် ဦးအေးကို ဖုန်း-၆၀၀၀၉၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(ကြေးမုံ)

# မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာပြိုင်ပွဲ ပြောင်မြောက်စွာ ဆင်နွှဲ



## ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ

အဆင့်မြင့်ပညာအဆင့် ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ စိုင်းသိန်းမြင့်ထွန်း ပါဝင်ယှဉ်ပြိုင်စဉ်။

(သတင်းစဉ်)

## လှိုက်လှဲဝမ်းသာဂုဏ်ပြုပါသည်

ဇာတိပုညာ၊ ဂုဏ်မာနနှင့်
မြန်မာ့ဂုဏ်ရောင်၊ ထွန်းလင်းပြောင်သည့်
မြားမြောင်ပြည်သူ၊ မြဲဂုဏ်ယူ၍
တူညီဖြူဖြူ၊ အားပေးကြသည့်
ဆိုကရေးတီး၊ ပြိုင်ပွဲကြီးကား
ထီးထီးမားမား၊ စွမ်းပကားဖြင့်
ခံ့ညားထည်ဝါ၊ ကျင်းပပါပြီ
ချိန်ခါနှစ်ရောက်၊ ဆယ့်ခြောက်မြောက်တည့်။
ဆိုကြကကြ၊ တီးမှုတ်ကြနှင့်
ရေးကြသားကြ၊ နုအလှနှင့်
ရသကိုးပါး၊ ဂုဏ်ဆယ်ပါးနှင့်
ခြောက်ပါးအလင်္ကာ၊ စီခြယ်ကာလျှင်
မြန်မာယဉ်ကျေးမှု၊ အစုစုကို
အနုပညာ၊ ပြောင်မြောက်စွာလျှင်
ရင်မှာပန်ဆင်၊ ပြိုင်ပွဲဝင်ကြ
သစ်လွင်တိုးတက်၊ ပြည်ကျိုးရွက်သည့်
မျိုးဆက်သစ်ဖွား၊ ရင်းမြစ်များကို
လက်ဝါးလက်ခုပ်၊ အားမာန်ထုတ်၍
သုတ်သုတ်ခတ်တီး၊ ပြိုင်ပွဲကြီးကို
ဝှဲချီးဂုဏ်ပြုလိုက်ပါသည်။ ။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ် ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးအား ဂုဏ်ပြုလျက်-

ပန်းတောင်းသန်းကြွယ်



## ပတ္တလား အတီးပြိုင်ပွဲ

ဝါသနာရှင်အဆင့် (ဒုတိယတန်း)အမျိုးသား ပတ္တလားအတီး ပြိုင်ပွဲတွင် ကယားပြည်နယ်မှ ဦးချစ်ဝေ ပါဝင်ယှဉ်ပြိုင်စဉ်။

(သတင်းစဉ်)




## ဒိုးပတ် အတီးပြိုင်ပွဲ

အသက် (၁၅)နှစ်မှ (၂၀)နှစ်အထိ အမျိုးသား ဒိုးပတ်အတီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းမှ မောင်ဇင်မျိုးထက်အဖွဲ့ ပါဝင်ယှဉ်ပြိုင်စဉ်။

(သတင်းစဉ်)

## အကပြိုင်ပွဲ

အသက်(၅)နှစ်မှ (၁၀)နှစ် အထိ အခြေခံပညာအဆင့် အမျိုးသမီး အကပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မဆာလိုမီ ပါဝင်ယှဉ်ပြိုင်စဉ်။

(သတင်းစဉ်)



## ဆိုင်း(တစ်ဦးချင်း) အတီးပြိုင်ပွဲ

အသက် (၁၀)နှစ်မှ (၁၅)နှစ် အထိ အခြေခံပညာအဆင့် အမျိုးသား ဆိုင်း (တစ်ဦးချင်း) အတီးပြိုင်ပွဲတွင် မကွေးတိုင်းမှ မောင်လှမင်း ပါဝင် ယှဉ်ပြိုင်စဉ်။

(သတင်းစဉ်)



# စစ်ကိုင်းတိုင်းကိုယ်စားပြု ပြဇာတ်အဖွဲ့ လူငယ်အားမာန် မိုးယံဆီသို့ ပြဇာတ် ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် အောက်တိုဘာ ၁၉

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ "လူငယ်အားမာန် မိုးယံဆီသို့" ပြဇာတ်ပြိုင်ပွဲကို ယနေ့ညနေ ၆နာရီခွဲတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်း ကိုယ်စားပြု ပြဇာတ်အဖွဲ့က ဆက်လက်ယှဉ်ပြိုင်တင်ဆက်သည်။

အဆိုပါ ပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်နှင့် ဇနီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့်ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ တာဝန်ရှိသူများ၊ မြန်မာ့ယဉ်ကျေးမှု အနုပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

စစ်ကိုင်းတိုင်း ကိုယ်စားပြု ပြဇာတ်အဖွဲ့တွင် ဒါရိုက်တာမြင့်နိုင်၊ တွဲဖက် ဒါရိုက်တာအောင်သင်း၊ ဂီတမှူး စန္ဒရားသန်းနိုင်ဦး၊ ခေါင်းဆောင်မင်းသား ချမ်းချမ်း၊ ခေါင်းဆောင်မင်းသမီး သော်သော်ဇင်နှင့် ဇာတ်ပို့ဇာတ်ရံများက ပါဝင်သရုပ်ဆောင် ယှဉ်ပြိုင်တင်ဆက်ကြသည်။

(သတင်းစဉ်)

**(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ "လူငယ်အားမာန် မိုးယံဆီသို့" ပြဇာတ်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်း ကိုယ်စားပြု ပြဇာတ်အဖွဲ့ ပါဝင်ယှဉ်ပြိုင်စဉ်။**
(သတင်းစဉ်)





## (၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်( ၄ )ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

✱ **ရွှေ့ဖုံးမှ**

ခေါင်းဆောင်မင်းသား တင်မောင်ဆန်းမင်းဝင်း၊ ခေါင်းဆောင်မင်းသမီး စန်းနီလာဝင်းတို့ ဦးဆောင်သော အဖွဲ့က ဧရာဝတီမြစ်ဝကျွန်းပေါ် ကျေးရွာတစ်ရွာမှ လူငယ်များ၏ အားမာန်အပြည့်ဖြင့် ရပ်ကျိုးရွာကျိုး၊ တိုင်းပြည်အကျိုး စွမ်းစွမ်းတမံ သယ်ပိုး ဆောင်ရွက်ကြပုံများကို အခြေခံ၍ ပြဇာတ်အနုပညာပြည့်ဝစွာဖြင့် ယှဉ်ပြိုင်တင်ဆက်ကြသည်။

(သတင်းစဉ်)

# သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၏ အချိန်ကာလအလိုက် ပြန်လည်သုံးသပ်ရေးစီမံချက်စတင်ခြင်း အခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၉

**သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် လူသားချင်းစာနာထောက်ထားမှု ကယ်ဆယ်ရေးလိုအပ်ချက်များနှင့် ဆောလျင်စွာနာလန်ထူရေး ကိစ္စရပ်များတွင် အချိန်ကာလအလိုက် ပြန်လည်သုံးသပ်ရေး စီမံချက်စတင်ခြင်း အခမ်းအနားကို ယနေ့နံနက်၉နာရီခွဲတွင် ရန်ကုန်မြို့ တာမွေမြို့နယ် နတ်မောက်လမ်းရှိ Chatrium Hotel ၌ ကျင်းပသည်။**

အခမ်းအနားတွင် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဝင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr.Bansarn Bunnag နှင့် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဝင် ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး Mr. Bishow Parajuli တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် အာဆီယံလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းအဖွဲ့မှ စီမံချက်မန်နေဂျာ Dr.Yohannah Wegerdt က လူသားချင်း စာနာထောက်ထားမှု ကယ်ဆယ်ရေးလိုအပ်ချက်များနှင့် ဆောလျင်စွာ နာလန်ထူရေးကိစ္စရပ်များတွင် အချိန်ကာလအလိုက် ပြန်လည်သုံးသပ်ရေးစီမံချက်နှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**စစ်တမ်းကောက်ခံသွားမည်**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ အာဆီယံနှင့် ကုလသမဂ္ဂတို့ ပါဝင်သော သုံးပွင့်ဆိုင်ဗဟိုအဖွဲ့က ဦးစီးသည့် အဆိုပါစီမံချက်အရ မုန်တိုင်းဒဏ်သင့်ဒေသများသို့ သွားရောက်စစ်တမ်းကောက်ခံသွားမည် ဖြစ်သည်။ အချိန်ကာလအလိုက် ပြန်လည်သုံးသပ်ရေးစီမံချက် (Periodic Review) အတွက် PONJA အစီရင်ခံစာကို ကွင်းဆင်းစစ်တမ်း ကောက်ခံစဉ်က အသုံးပြုခဲ့သော ကျေးလက်ကိုအခြေခံသော စစ်တမ်း ကောက်ယူမှုပုံစံ (Village Tract Assessment-VTA)ကို အခြေခံသွား မည်ဖြစ်သည်။ အချိန်ကာလအလိုက် ပြန်လည်သုံးသပ်ရေး စစ်တမ်းသည် နာဂစ်ဒဏ်သင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက် နေမှု အခြေအနေများနှင့် ပြောင်းလဲတိုးတက်ဖြစ်ပေါ်မှုများကို ထင်ဟပ် ထုတ်ဖော်သွားမည်ဖြစ်သောကြောင့် နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် သိရှိနိုင်စေရန် ထုတ်ဝေသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)






❁ **ကျန်းမာရေးစောင့်ရှောက်မှုမှ**

လူမှုဘဝတွင် အခြေခံရည်မှန်းချက်တစ်ရပ်ဖြစ်သော ရောဂါဘယ ကင်းရှင်းစွာ လူ့သက်တမ်းစေ့နေနိုင်ရေးအတွက် ကျန်းမာရေးသည် အထူးအရေးကြီးသည်။ နိုင်ငံတစ်ဝန်းမှီတင်းနေထိုင်ကြသော ပြည်သူ တစ်ရပ်လုံး ယင်းအခြေခံရည်မှန်းချက်ပြည့်မီရန် နိုင်ငံတော်၏ လမ်းညွှန်မှု ဖြင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပေ သည်။

နိုင်ငံတော်အစိုးရက ပြည်နယ်၊ တိုင်းများ၏ ကျန်းမာရေး လိုအပ် ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာတွင် ဆေးရုံကြီးများကို လိုအပ်သလို အဆင့်မြှင့်ပေးခြင်း၊ ကျေးလက်ကျန်းမာရေး အဆင့် အတန်းမြင့်မားလာစေရန် ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့ဖွင့်လှစ် ခြင်းတို့ကို ငွေကြေးအမြောက်အမြား အကုန်အကျခံ၍ ဆောင်ရွက်ပေး လျက်ရှိသည့်အနက် စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့၌ ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံသစ်ကို ၂၀၀၈ ခုနှစ် မတ်လအတွင်းက အကောင် အထည်ဖော် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ထိုဆေးရုံသည် ယခင်က ၂၅ ခုတင်ဆံ့ဆေးရုံဖြစ်သည်။ ယခုအခါ ခုတင် ၁၀၀ဆံ့ ပြည်သူ့ဆေးရုံအဖြစ် နိုင်ငံတော်အစိုးရက ငွေကျပ် သိန်းပေါင်းရှစ်ထောင်ကျော် အကုန်အကျခံ တည်ဆောက်ပေးခဲ့ခြင်း ဖြစ်သည်။ ယခုဖွင့်လှစ်လိုက်သည့် မြို့နယ်ပြည်သူ့ဆေးရုံသစ်သာမက တိုက်နယ်ပြည်သူ့ဆေးရုံသုံးရုံနှင့် ကျေးလက်ကျန်းမာရေးဌာနတစ်ခု တို့ကိုလည်း ထူထောင်ထားပေးသည်။ ဟုမ္မလင်းမြို့နယ်နှင့် အနီးတစ်ဝိုက် မြို့နယ်များအတွင်းရှိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို အဆင့်တိုးမြှင့် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

တိုးတက်လာသောလူဦးရေနှင့် ထိရောက်သောကုသမှုများ ပေးနိုင် ရန်အတွက် ဆေးရုံများကိုတိုးချဲ့ဖွင့်လှစ်ခြင်းနှင့် ကျေးလက်နှင့် မြို့ပြ ကျန်းမာရေးကွာဟချက် ကျဉ်းမြောင်းစေရန်အတွက် ကျန်းမာရေး အဆင့်မြှင့်ရန်နှင့် ကျေးလက်နေပြည်သူလူထုများအား ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် နိုင်ငံတစ်ဝန်းတွင် ကျေးလက်ကျန်းမာရေး ဌာနများ၊ မိခင်နှင့်ကလေးကျန်းမာရေးဌာနများသာမက ဒေသန္တရ ကျန်းမာရေးဌာန ၁၄၀၀ ကျော် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့ ခုတင် ၁၀၀ဆံ့ ဆေးရုံသစ်တွင် ခေတ်မီစက်ကိရိယာများတပ်ဆင်ထားပြီး ဆေးသိုလှောင်ခန်း၊ အမျိုးသမီး လူနာကုသဆောင်၊ သားဖွားခန်း၊ ခွဲစိတ်ခန်း၊ အမျိုးသားလူနာကုသဆောင်၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်းများ ပြည့်စုံစွာပါရှိပြီး ကျေးလက်ဒေသ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဖော်ဆောင်ပေးထားရာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက် ဖွံ့ဖြိုး လာပြီဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ॥

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၀-၁၀-၂၀၀၈ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၂။ ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိ ပါဠိတော်
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အကပဒေသာ
၇း၅၅ ၅။ အတီးပြိုင်ပွဲ
၈း၁၅ ၆။ တေးဂီတအစီအစဉ်
၈း၃၀ ၇။ International News
၈း၄၀ ၈။ **"စည်းကမ်းလိုက်နာဘေးကင်းကွာ" [(ကျော်ရဲအောင်၊ ချစ်သူ၊ ဇော်ဝင်းမောင်၊ မော့စ်၊ လင်းဇာနည်ဇော်၊ ပွင့်) (ဒါရိုက်တာ-ခင်ဇော်၊ မြင့်စိုး (ဝ/သ)]**
၉း၀၀ ၉။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၀၅ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄း၁၅ ၃။ အဆိုပြိုင်ပွဲ
၄း၂၅ ၄။ "မပြောမပြီး မတီးမမြည်" (နေရဲလင်း၊ မောင်မောင်မြင့်၊ ခင်မောင်စိုးတင့်၊ ရှင်ဖုန်း၊ အိမ့်ချယ်၊ မိုးဇော်၊ ခိုင်ဆုသွယ်၊ စိုင်းခန့်စိုးလင်း)(ဒါရိုက်တာ- မောင်မောင်မြင့်)
၄း၄၅ ၅။ တေးဂီတအစီအစဉ်
၅း၀၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -စတုတ္ထနှစ် ဥပဒေပညာအထူးပြု (ဥပဒေပညာ)
၅း၁၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၀ ၈။ မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း
၅း၃၀ ၉။ မြန်မာ့မီးရထားအားမာန်
၅း၄၅ ၁၀။ တေးဂီတအစီအစဉ်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၃။ အလှရှာမယ်၊ လှကမ္ဘာဝယ်
၇း၀၀ ၁၄။ တေးဂီတအစီအစဉ်
၇း၁၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ ပန်းပျိုးလက်(အပိုင်း-၁၉)**
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ ၂၀၀၈ ခုနှစ် (၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက၊ အရေး၊ အတီးပြိုင်ပွဲ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ 'မျက်ဝန်းရိပ်' အပိုင်း(၁၉)**
၂၁။ အစီအစဉ်ပြီး၏။

### အမှာစကား ပြောကြား

**သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ လူသားချင်းစာနာထောက်ထားမှု ကယ်ဆယ်ရေးလိုအပ်ချက်များ နှင့် ဆောလျင်စွာနာလန်ထူရေး ကိစ္စရပ်များတွင် အချိန်ကာလ အလိုက် ပြန်လည်သုံးသပ်ရေး စီမံချက်စတင်ခြင်း အခမ်းအနား တွင် အမှာစကားပြောကြား စဉ်။** (သတင်းစဉ်)

# အာဖဂန်နစ္စတန် အနောက်ပိုင်း၌ အသေခံဗုံးပေါက်ကွဲ

**ကဘူး အောက်တိုဘာ ၁၈**

အာဖဂန်နစ္စတန်နိုင်ငံအနောက်ပိုင်း ဟီရတ်ပြည်နယ်တွင် အောက်တိုဘာ ၁၈ ရက်က နေတိုးဦးဆောင်သော ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့၏ ယာဉ်တန်းအား အသေခံကားဗုံးဖြင့် တိုက်ခိုက်မှုကြောင့် တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ အဆိုပါဖြစ်ပွားမှုမှာ နံနက် ၈နာရီ ၁၀ မိနစ်က ဟီရတ်လေဆိပ် အပြင်ဘက်ရှိ အီတလီတပ်ဖွဲ့များ၏ ယာဉ်တန်းသို့ ပေါက်ကွဲစေသည့်ပစ္စည်းများ တင်ဆောင်လာသော ကားတစ်စီးဖြင့် အသေခံတိုက်ခိုက်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ယင်းတိုက်ခိုက်မှုတွင် အသေခံဗုံးခွဲသမားလည်း သေဆုံးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ တာလီဘန် ပြောရေးဆိုခွင့်ရှိသူက အသေခံတိုက်ခိုက်မှုတွင် အီတလီတပ်ဖွဲ့ဝင် ရှစ်ဦးသေဆုံးသည်ဟု ပြောကြားသည်။

**အင်တာနက်။**



**အာဖဂန်နစ္စတန်နှင့်ပါကစ္စတန် နယ်စပ်အနီး တာ့ခ်ဟမ် ဒေသ၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ ပျက်စီးနေသော ယာဉ်များနှင့် ကလေးငယ်များကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## အာဖဂန်နစ္စတန်တောင်ပိုင်း၌ လူမျိုးစုအကြီးအကဲတစ်ဦး သေဆုံး

**ကဘူး အောက်တိုဘာ ၁၈**

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ကင်ဒါဟာပြည်နယ်တွင် အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက သေနတ်သမားနှစ်ဦး ပစ်ခတ်မှုကြောင့် ဘာရတ်ကီလူမျိုးစု အကြီးအကဲ တစ်ဦး သေဆုံးကြောင်း တာဝန်ရှိသူက ပြောကြားသည်။ အဆိုပါ ဖြစ်ပွားမှုသည် နံနက် ၅ နာရီက ကင်ဒါဟာမြို့၏ လေးခုမြောက်ခရိုင်တွင် မော်တော်ဆိုင်ကယ်နှင့် သေနတ်သမားနှစ်ဦးက လူမျိုးစု အကြီးအကဲ တစ်ဦးအား ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

တာလီဘန် စစ်သွေးကြွများသည် အစိုးရထောက်ခံသော လူမျိုးစုအကြီးအကဲများအား လုပ်ကြံသတ်ဖြတ်လေ့ရှိသည်။ **အင်တာနက်။**






**အီရတ်နိုင်ငံ တောင်ပိုင်း၌ လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် ပျက်စီးနေသည့် ယာဉ်ကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## အီရတ်တွင် အမေရိကန် ဆန့်ကျင်ရေး ချီတက်ဆန္ဒပြ

**ဘဂ္ဂဒက် အောက်တိုဘာ ၁၈**

အီရတ်နိုင်ငံတွင် အမေရိကန် တပ်ဖွဲ့များရှိနေခြင်းအား မော့တာ အယ်လ်ဆာဒါးကို ထောက်ခံသူများက ပြင်းပြင်းထန်ထန် ဆန့်ကျင်ကြသည်။

၎င်းတို့သည် အမေရိကန်တပ်ဖွဲ့များ အီရတ်တွင် ဆက်လက်ရှိနေစေမည့် အစီအစဉ်အား ကန့်ကွက်သောအားဖြင့် ဘဂ္ဂဒက်မြို့တွင် စနေနေ့က ချီတက်ဆန္ဒပြကြသည်။ ခန့်မှန်းခြေအားဖြင့် ငါးသောင်း ခန့်ရှိသည့် လူအုပ်ကြီးသည် မြို့တွင်း၌ လှည့်လည်၍ "ကျူးကျော်သူတွေ ထွက်သွားကြ"ဟူသော ကြွေးကြော်သံများကို အော်ဟစ်ကြသည်။

### ဆုတ်ခွာ

အီရတ်နှင့် အမေရိကန် စေ့စပ်ညှိနှိုင်းသူများသည် လပေါင်းများစွာ ဆွေးနွေးပြီးနောက် သဘောတူညီချက်မူကြမ်းကို ရရှိပြီးဖြစ်သည်။ သို့သော် အီရတ်အစိုးရ၏ အတည်ပြုချက်ရယူရန် လိုအပ်လျက် ရှိသေးသည်။ ထိုသဘောတူညီချက်အရ အမေရိကန်တပ်ဖွဲ့များသည် ၂၀၁၁ ခုနှစ်တွင် အီရတ်မှ ဆုတ်ခွာရမည် ဖြစ်သည်။ အီရတ်နိုင်ငံက ရာဇဝတ်မှုကျူးလွန်သော အမေရိကန်တပ်ဖွဲ့ဝင်များကို တရားစွဲဆိုပိုင်ခွင့်ရရှိမည် ဖြစ်သည်။

အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်များအတွက် ကုလသမဂ္ဂက ပေးအပ်ထားသော အီရတ်နိုင်ငံတွင် တပ်စွဲခွင့် အခွင့်အာဏာမှာ ယခုနှစ်ကုန်တွင် ကုန်ဆုံးတော့မည်ဖြစ်သည်။ အီရတ်တွင် နိုင်ငံခြား တပ်ဖွဲ့ဝင်များ ၁၅၂၀၀၀ တပ်စွဲထားရာတွင် အမေရိကန်တပ်ဖွဲ့ဝင်များမှာ ၁၄၄၀၀၀ ဖြစ်သည်။ **အင်တာနက်။**

## အာဖဂန်နစ္စတန် မြောက်ပိုင်း၌ သောင်းကျန်းသူ ၁၉ ဦး သေဆုံး

**ကဘူး အောက်တိုဘာ ၁၈**

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း ဝါဒက်ခ်ပြည်နယ်တွင် နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေး ထောက်ကူပြုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)ထောက်ခံသည့် အာဖဂန်အမျိုးသား လုံခြုံရေးတပ်ဖွဲ့များ (အေအင်အက်စ်အက်ဖ်)က သောင်းကျန်းသူများအား ထိုးစစ်ဆင်တိုက်ခိုက်ရာ သောင်းကျန်းသူ ၁၉ ဦး သေဆုံးကြောင်း စနေနေ့တွင် အိုင်အက်စ်အေအက်ဖ်က ပြောကြားသည်။

ပူးပေါင်းတပ်ဖွဲ့များက ဂျယ်ရတ်ဇ်ခရိုင်တွင် အောက်တိုဘာ ၁၆ ရက် ညပိုင်း၌ သောင်းကျန်းသူများအား လက်နက်ငယ်၊ လက်နက်ကြီးများနှင့် ရဟတ်ယာဉ်များဖြင့် စီးနင်းတိုက်ခိုက်မှုကြောင့် စစ်သွေးကြွ ၁၉ ဦး သေဆုံးခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ယခုနှစ်၌ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် လူ ၄၅၀၀ ကျော်သေဆုံးပြီး အများစုမှာ စစ်သွေးကြွများ ဖြစ်သည်ဟု သိရသည်။

**အင်တာနက်။**

## အာဖဂန်ရဲတပ်ဖွဲ့ဝင်က အမေရိကန်တပ်ဖွဲ့ဝင်ကို ပစ်သတ်ခဲ့

**ကဘူး အောက်တိုဘာ ၁၈**

အာဖဂန်နစ္စတန် အရှေ့ပိုင်းတွင် အာဖဂန်ရဲတပ်ဖွဲ့ဝင်တစ်ဦးက ခြေကျင်ကင်းလှည့် အမေရိကန်တပ်ဖွဲ့ ဝင်တစ်ဦးကို ပစ်သတ်လိုက်ကြောင်း၊ ယင်းသည် တစ်လအတွင်း ဒုတိယ အကြိမ်မြောက်အဖြစ်အပျက်ဖြစ်ကြောင်း အမေရိကန် စစ်ဘက်ကြေညာချက်တွင် ဖော်ပြသည်။ မျှော်စင်ပေါ်မှ ရဲတပ်ဖွဲ့ဝင်တစ်ဦးသည် စစ်စခန်းသို့ပြန်လာသော အမေရိကန်ကင်းလှည့် တပ်ဖွဲ့ဝင်များအား သေနတ်ဖြင့်ပစ်၍ လက်ပစ်ဗုံးဖြင့် ထုခဲ့သည်ဟု အမေရိကန် စစ်ဘက်က ပြောကြားသည်။

ကင်းလှည့်တပ်ဖွဲ့ကပြန်လည်ပစ်ခတ်သဖြင့် အာဖဂန်ရဲတပ်ဖွဲ့ဝင်လည်း သေဆုံးသွားသည်ဟုဆိုသည်။ အမေရိကန်စစ်ဘက်မှ ကြေညာချက်တွင် အဆိုပါ အဖြစ်အပျက်နှင့်စပ်လျဉ်း၍ ရှင်းလင်းစွာ ဖော်ပြထားခြင်း မရှိဘဲ စုံစမ်းစစ်ဆေးဆဲရှိသည်ဟုသာ ဖော်ပြထားသည်။ **အင်တာနက်။**

## သဘာဝဘေးအန္တရာယ် အင်တာနက်သတင်းများ

### တောင်ပစိဖိတ်အစွန်းပိုင်း၌ အင်အားပြင်းငလျင်လှုပ်

**ဝယ်လင်တန် အောက်တိုဘာ ၁၉**

တွန်ဂါကျွန်းနိုင်ငံ အရှေ့ဘက် ၁၉၅ကီလိုမီတာအကွာရှိ တောင်ပစိဖိတ်သမုဒ္ဒရာ အစွန်းပိုင်းဒေသတွင် အောက်တိုဘာ ၁၉ ရက်က ရစ်ချ်တာစကေး ၇ ဒသမ ၁ အဆင့်ရှိ အင်အားပြင်း ငလျင်လှုပ်သွားကြောင်း အမေရိကန် ဘူမိတိုင်းတာရေးအဖွဲ့က ပြောကြားသည်။ ပျက်စီးဆုံးရှုံးမှုနှင့် ဒဏ်ရာရရှိမှုကို ချက်ချင်းဖော်ပြခြင်း မရှိသေးကြောင်း သိရသည်။

အဆိုပါ ငလျင်သည် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၁၀ မိနစ်က မြေအောက်အနက် ၄၂ ကီလိုမီတာတွင် ဖြစ်ပွားခဲ့သည်။ ငလျင်လှုပ်မှုကြောင့် မြို့တော် နူကူရာလိုဖာရှိ အဆောက်အအုံများ နှစ်မိနစ်ခန့် ယိမ်းထိုးလှုပ်ရှားသွားကြောင်း တွန်ဂါနိုင်ငံရှိ သတင်းထောက်များက ပြောကြားသည်။

**အင်တာနက်။**

### နယူးဇီလန် မြောက်ဘက်ကျွန်း၌ ၅ ဒသမ ၆ အဆင့်ရှိ ငလျင်လှုပ်

**ဝယ်လင်တန် အောက်တိုဘာ ၁၉**

နယူးဇီလန်နိုင်ငံမြောက်ဘက်ကျွန်းများရှိ ပလန်တီပင်လယ်အော်ဒေသတွင် အောက်တိုဘာ ၁၉ ရက်မွန်းလွဲပိုင်းက ရစ်ချ်တာစကေး ၅ ဒသမ ၆ အဆင့်ရှိ ငလျင်လှုပ်သွားကြောင်း ဂျီအင်န်အက်စ်သိပ္ပံက ပြောကြားသည်။ အဆိုပါ ငလျင်သည် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၁၃ မိနစ်က မြေအောက် ကီလိုမီတာ ၂၀၀ ၌ ရိုတာယူရာ ဒေသမြောက်ဘက် ကီလိုမီတာ ၂၀ အကွာကို ဗဟိုပြုလှုပ်သွားကြောင်း နယူးဇီလန်နိုင်ငံ ဘူမိနှင့်နျူကလီးယား သိပ္ပံနည်းပညာ(ဂျီအင်န်အက်စ်)ကပြောကြားသည်။

ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၅ မိနစ်ကလည်း မြေအောက်အနက် ကီလိုမီတာ ၅၀ ၌ ဝါကာတာနီဒေသ အရှေ့တောင်ဘက် ကီလိုမီတာ ၄၀ အကွာကို ဗဟိုပြုပြီး ရစ်ချ်တာစကေး ၄ ဒသမ ၃ အဆင့်ရှိ ဒုတိယအကြိမ်ငလျင်လှုပ်သွားခဲ့သည်။ ငလျင်လှုပ်မှုကြောင့် ပျက်စီးမှုများကို ဖော်ပြခြင်း မရှိသေးကြောင်း မြောက်ပိုင်းရဲတပ်ဖွဲ့က ပြောကြားသည်။

**အင်တာနက်။**



### ဟာရီကိန်း အိုမာတိုက်ခတ်မှုကြောင့် ကျွန်းများ၌ ရေနံများ ယိုစိမ့်ပျံ့နှံ့နေ

**ခရစ်စတီယမ်စတက် အောက်တိုဘာ ၁၉**

စိန့်မာတင်နှင့် အမေရိကန်ဗာဂျင်ကျွန်းများအကြား ဟာရီကိန်းအိုမာ တိုက်ခတ်မှုကြောင့် သင်္ဘော၄၀ကျော် နစ်မြုပ်ခဲ့ပြီးနောက် ရေနံများယိုစိမ့်ပျံ့နှံ့နေကြောင်း **(ဝဲပုံ)** စိန့်ကရိုင်းဇ်တာဝန်ရှိသူများက ပြောကြားသည်။ နစ်မြုပ်ခဲ့သော သင်္ဘောထက်ဝက်ခန့်မှာ ကိုယ်ပိုင်သင်္ဘောများ၊နှစ်စင်းတွဲ ရွက်လှေများနှင့် အခပေးငှားရမ်းသည့် ရွက်လှေများ၊ နိုင်ငံခြားခရီးသည်များ ပိုင်ဆိုင်သည့် ရွက်သင်္ဘောများ ဖြစ်ကြသည်။

အပူပိုင်းမုန်တိုင်း အိုမာသည် သောကြာနေ့ညပိုင်းက အတ္တလန္တိတ်သမုဒ္ဒရာအတွင်းမှ ဖြစ်ပေါ်လာပြီး ထပ်မံတိုက်ခတ်ခြင်းဖြစ်သည်။

စနေနေ့ နံနက်ပိုင်းက ဟာရီကိန်းအိုမာသည် ဘာမူဒါဒေသအရှေ့ဘက် ၇၇၅ မိုင်ခန့်၌တည်ရှိပြီး လေတိုက်နှုန်း တစ်နာရီမိုင် ၆၀ ဖြင့် အပူပိုင်းမုန်တိုင်းအဖြစ် အားလျော့သွားခဲ့သည်။ **အင်တာနက်။**

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ဂုဏ်ပြုလျက်-

# နေလပမာ ထွန်းလင်းဖြာ မြန်မာ့အနုပညာ

ဦးရဲဒွေး (အမြင့်သဘင်)

ကမ္ဘာမှုနှင့် မြန်မာမှုများတွင် အဆို၊ အတီးဟူသော ဂီတအနုပညာ (Art of Music)၊ အကအနုပညာ (Art of Dancing)နှင့် ဇာတ်လမ်းဇာတ်ကွက်ဖြင့် ခင်းကျင်းသရုပ်ဖော်ပြသသော ဇာတ်၊ ပြဇာတ်အနုပညာ(သို့မဟုတ်) ဇာတ်သဘင်အနုပညာ(Art of Drama) ဟူ၍ ရှေးပဝေသဏီကပင် စတင်တီထွင် ပေါ်ပေါက်ခဲ့လေသည်။ ယင်းအနုပညာရပ်များသည် ယခုအခါ နီးနွယ်ဆက်စပ်လျက် ရှိကြသော်လည်း တသီးတခြားစီ တီထွင်ပေါ်ပေါက်ခဲ့ကြခြင်း ဖြစ်ပေသည်။

လူဇာတ်ဆောင်များ သို့မဟုတ် အရုပ်များက ဇာတ်လမ်းဇာတ်ကွက်ဖြင့် ခင်းကျင်းသရုပ်ဖော်ပြသရသောဇာတ်၊ ပြဇာတ်အနုပညာ (Drama or Play)မှာ များစွာရှေးကျလှ၍ ရှေးဦးစွာ ဒဏ္ဍာရီ ပုံပြင်ဝတ္ထုများပြောကြားမှု (Story-telling)မှ စတင်ပေါ်ပေါက်ခဲ့ဟန်တူပေသည်။

မြန်မာနိုင်ငံ၌ ကြက်ကလေး ကြက်မကြီး ပုံပြင်သည် များစွာရှေးကျလှသောပုံပြင်ဖြစ်ပေမည်။လူကြီးမိဘများက ကလေးသူငယ်များအား ကြက်ကလေး ပုံပြင် ပြောကြားရာတွင် ခံစားချက်များ ပါဝင်သော အသံနေအသံထားဖြင့် အသံတိုး အသံကျယ်၊ အသံသေး အသံကြီး၊ အသံနှေး အသံမြန်၊ ခြောက်သံ ကြောက်သံ၊ တုန်ခါသံများ ပါရှိမည်ဖြစ်၏။ ထို "ခံစားချက်ဖော်ပြမှု" (Expression)သည် ဇာတ်၊ ပြဇာတ်တွင် အရေးကြီးသည့် အင်္ဂါရပ်တစ်ရပ်ဖြစ်သော စကားပြော (Speech or Dialogue) ၏ အစပင်ဖြစ်၏။

နောင်သော် ရဟန်းသံဃာတော်များ၊ လူပုဂ္ဂိုလ်များက ဘုရားဟောဇာတ်နိပါတ်တော်များကို ဟောပြောရာမှ စာဟောစာပြောကွက်စိပ်ဟူ၍ အနုပညာတစ်ရပ်(Art of Oratorio) ပေါ်ပေါက်လာခဲ့ဟန်



(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ပြဇာတ်ပြိုင်ပွဲတွင် "လူငယ်အားမာန် မိုးယံဆီသို့" ပြဇာတ်ဖြင့် ဧရာဝတီတိုင်းကိုယ်စားပြု ပြဇာတ်အဖွဲ့ ပါဝင်ယှဉ်ပြိုင်စဉ်။

တူပေသည်။ စာဟောစာပြော ကွက်စိပ်ဟောပြောမှုသည် ဇာတ်၊ ပြဇာတ်အနုပညာ(ဇာတ်သဘင်အနုပညာ) တီထွင်ပေါ်ပေါက်မှုအတွက် အထောက်အကူပြုခဲ့သည်ဟု ယူဆရပါသည်။

အချို့ သုတေသီ ပညာရှင်အများစုက ဇာတ်၊ ပြဇာတ် အနုပညာ ပေါ်ပေါက်မှုအတွက် အင်းဝခေတ်တွင် နိပါတ်ခင်းကျင်းပြသရာမှ ပေါ်ပေါက်ခဲ့သည်ဟု ယူဆကြသည်။ သို့ရာတွင် ဇာတ်၊ ပြဇာတ် အနုပညာသည် ၁၅ ရာစုနှစ် အင်းဝခေတ်တွင် ရုပ်သေးသဘင်နှင့် အတူတကွ သို့မဟုတ် မရှေးမနှောင်း ပေါ်ပေါက်ခဲ့သည်ဟု စာရေးသူအနေဖြင့် ယူဆမိပေသည်။

ယခင်က ဇာတ်၊ ပြဇာတ်အနုပညာသည် ဒုတိယ အင်းဝခေတ်ဟု ခေါ်ဆိုအပ်သော ညောင်ရမ်းခေတ် အလယ်ပိုင်းခန့်တွင် ဝန်ကြီးပဒေသရာဇာ ရေးသားသော "မဏိကက်" ဇာတ်ဖြင့် စတင်ပေါ်ပေါက်ခဲ့သည်ဟုလည်းကောင်း၊ ထိုထက်စော၍ ညောင်ရမ်းခေတ်၌ပင် ညောင်ရမ်းခေတ်ကို တည်ထောင်သော ညောင်ရမ်းမင်း လက်ထက်၌ သမီးတော် ပန်ထွာမင်းသမီး၏ ဆံထုံးထုံး နားထွင်းမင်္ဂလာသဘင်တွင် ဇာတ်ငါးဇာတ် ကပြစေခဲ့သည်ဟူ၍ လည်းကောင်း စာပေနှင့်သမိုင်း အထောက်အထားများရှိခဲ့သည်။

ထို့ပြင် တောင်ငူခေတ် စာဆိုတစ်ဦး ဖြစ်သည့် မင်းဇေယျရန္တမိတ်ရေးဖွဲ့သော "ပဋ္ဌာစာရီသာချင်း" တွင် "မင်းပရိသတ်၊ ဤသည့်ဇာတ်ကို" ဟု တွေ့ရှိရသည်။

ဤသာချင်းအရ တောင်ငူခေတ်တွင် ဇာတ်ကပြသူနှင့် ဇာတ်ပွဲကြည့်သူများ ရှိနေကြောင်းကို သိရှိနိုင်ပေသည်။ တိုတောင်းလှသော်လည်း ခိုင်လုံသော စာပေအထောက်အထား တစ်ရပ်ဖြစ်၏။

ဇာတ်သဘင်ကဲ့သို့သော အနုပညာရပ်များ တိုးတက်ပြောင်းလဲရေးအတွက် အထိုက်အလျောက် အချိန်ကာလ ကြာမြင့်သည်ဖြစ်၏။ ထို့ကြောင့် ဇာတ်သဘင်သည် အင်းဝခေတ်စောပိုင်း၊ ခေတ်အလယ်ပိုင်းတွင် ရုပ်သေးသဘင်နှင့်အတူ စတင်ပေါ်ပေါက်ခဲ့၍ အင်းဝခေတ်နှောင်းပိုင်းတွင် လူဇာတ်သဘင် ပေါ်ပေါက်ပြီးလျှင် တောင်ငူခေတ်တွင် ဆက်လက်ရှင်သန် တိုးတက်လာခဲ့သည်ဟု ကောက်ချက်ချဖွယ်ရှိပေသည်။

ကုန်းဘောင်ခေတ်တွင်ကား ယဉ်ကျေးမှုအနုပညာဗိမာန်ကြီးအတွင်းဝယ် မြန်မာစာပေနှင့် အနုပညာရပ်များမှာ နေလပမာ ထွန်းလင်းဖြာခဲ့ရာတွင် ဇာတ်သဘင် အနုပညာလည်း အပါအဝင် ဖြစ်ခဲ့လေသည်။

မျက်မှောက်ခေတ် သဘင်ပညာရှင်များက "ဇာတ်" နှင့် "ပြဇာတ်" ဟူသော ဝေါဟာရများရှိရာတွင် ဇာတ်နှင့် ပြဇာတ်တို့၏ တင်ဆက်ကပြပုံများမှာ မတူညီကြဟု ယူဆကြသည်။ ၁၉၃၀ ပြည့်နှစ်ခန့်တွင် ရုပ်ရှင်ကိုတုပ၍ ခေတ်ပြဇာတ် တီထွင်ကပြရာမှ ထိုကဲ့သို့ အယူအဆ ဖြစ်ပေါ်ခဲ့ဟန် တူပေသည်။ သို့သော် ထိုင်းဇာတ်သဘင်တွင် "ခွန်(Khon)" ခေါ် မျက်နှာဖုံးခေါင်းစွပ်ဖြင့် ကပြရသော ဇာတ်သဘင်နှင့် "လာကွန်(Lakon)"ခေါ် မျက်နှာဖုံး ခေါင်းစွပ်မပါ သာမန်ဇာတ်သဘင်ဟု ဝေါဟာရနှစ်မျိုးရှိသော်လည်း တင်ဆက်ကပြမှုမှာ ကွဲပြားခြားနားခြင်း မရှိကြသကဲ့သို့ ရှေးကဇာတ်နှင့် ပြဇာတ်များ၏ တင်ဆက်ကပြပုံမှာလည်း အတူတူပင် ဖြစ်ဖွယ်ရှိ၏။ မှော်ဘီဆရာသိန်းကြီးနှင့် ရွှေရိုးအမည်ခံ အင်္ဂလိပ်စာရေးဆရာ George Scott တို့၏ ရေးသားချက်များအရ ဇာတ်မှာ ဘုရားဟော ဇာတ်ဝတ္ထုတော်များအပေါ် အခြေခံကပြခြင်းဖြစ်၍"ပြဇာတ်"မှာထိုးဇာတ်၊ လုပ်ဇာတ်များအပေါ် အခြေခံ၍ ကပြခြင်းဖြစ်သည်ဟု ဖော်ပြပါရှိပေသည်။



(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲတွင် "မဟာဗုဒ္ဓဝင် တောထွက်ခန်း" ခေါင်းစဉ်ဖြင့် ရန်ကုန်တိုင်း ကိုယ်စားပြု တော်ဝင်ရုပ်စုံသဘင်အဖွဲ့ ပါဝင်ယှဉ်ပြိုင်စဉ်။

ကုန်းဘောင်ခေတ်တွင် မြန်မာ့ကိုယ်ပိုင် အနုပညာဖြစ်သည့် ဇာတ်သဘင်အပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဇာတ်သဘင်များလည်း ထိုးဖောက်ဝင်ရောက်လာသည်။ အိန္ဒိယနိုင်ငံမှ "သကုန္တလာ" ဇာတ်တော်ကြီး၊ ထိုင်းနိုင်ငံမှ ရာမာယဏဇာတ်တော်နှင့် အီနောင်ဇာတ်တော်များလည်း ရောက်ရှိလာသည်။ သို့သော် မြန်မာတို့က အနုပညာများကို အိမ်နီးချင်းနိုင်ငံများမှ တိုက်ရိုက်ပုံတူ ကူးချခြင်းမရှိဘဲ မြန်မာမှုပြု၍ သီဆိုကပြခဲ့ကြခြင်းဖြစ်သည်။ မြန်မာ့ရာမာယဏ ဇာတ်တော်တွင် မြန်မာ့ဇာတ် တင်ဆက်ကပြမှု၊ အဝတ်အစား ဒွါဒရာများ၊ ယိုးဒယားဟု ခေါ်ဝေါ်သော တေးဂီတများ၊ အကများတွင် ထိုင်းအနုပညာ အငွေ့အသက်မှာ အနည်းငယ်မျှသာ တွေ့ရှိနိုင်တော့သည်။

ဇာတ်၊ ပြဇာတ်အနုပညာကို ရန်ကုန်နှင့် မန္တလေး ယဉ်ကျေးမှုတက္ကသိုလ်များတွင် ဇာတ်သဘင်ပညာ (Dramatic Arts) ဟု သတ်မှတ် သုံးနှုန်းထားပေသည်။

ဇာတ်၊ ပြဇာတ်၊ ရုပ်ရှင်နှင့် ဗီဒီယိုပညာရှင်များသည် ဇာတ်၊ ပြဇာတ်ပညာရှင်များ ဖြစ်ကြသည်။ ဇာတ်၊ပြဇာတ်ပညာကို "အသုံးပြုမှု (Medium)" သာလျှင် ကွဲပြားပေမည်။ ဥပမာ ဇာတ်၊ ပြဇာတ်ပညာကို ဇာတ်ခုံပေါ်တွင် သရုပ်ဖော်ပြသ(ကပြ)၍လည်းကောင်း၊ ဗီဒီယိုတိပ်ခွေအဝိုင်းပြားများဖြင့် ရိုက်ကူးမှတ်တမ်းတင်၍ လည်းကောင်း၊ ရုပ်ရှင်ဖလင်ကော်ပြားဖြင့်ရိုက်ကူး၍လည်းကောင်း အများပြည်သူသို့ တင်ပြဖျော်ဖြေကြခြင်းဖြစ်သည်။ ဇာတ်၊ပြဇာတ်၊ ရုပ်ရှင်သရုပ်ဆောင်မှုပညာမှာ အခြေခံအားဖြင့် အတူတူပင်ဖြစ်၍ "အထာ"သာ မတူကြခြင်းဖြစ်၏။ ခေတ်ပြဇာတ်နှင့် ရုပ်ရှင်ဗီဒီယို ပညာရှင်များက လွမ်းခန်းကို သဘာဝခေတ်၊ အပြောခေတ် ကိုယ်နှုတ်အမူအရာများ၊ခေတ်ဂီတများဖြင့် ကြိုးစားဖော်ဆောင်ကြမည်ဖြစ်၏။ ဇာတ်မင်းသား၊ မင်းသမီးများကမူ ဝိုချင်းများဆို၍လည်းကောင်း၊ ရင်ထုမျက်ရည်သုတ် တရှိုက်ရှိုက်ငို၍လည်းကောင်း သရုပ်ဖော်ကြမည်ဖြစ်၏။ သို့သော် ယင်းပညာရှင်များအားလုံးက ကိုယ့်အထာနှင့်ကိုယ် သရုပ်ဆောင်နေကြခြင်း (Acting) လုပ်ကြခြင်းဖြစ်သည်။ အချို့နိုင်ငံကြီးများတွင် ဇာတ်၊ ပြဇာတ် ပညာရှင်များသည် ယနေ့ရုပ်ရှင်ရိုက် နောက်တစ်နေ့ ဇာတ်ခုံပေါ်တွင် သရုပ်ဆောင်ကပြကြသည်။ အချို့ပညာရှင်များက သဘာဝပြဇာတ် (Realism Play)ကို ဦးစားပေးတင်ဆက်ကပြကြ၍ အချို့ပညာရှင်များကမူ တေးဂီတပြဇာတ် (Musical Play)ကို ကပြလိုကြသည်။

ကမ္ဘာမှုတွင် ဂီတမပါ သဘာဝပြဇာတ် (Straight Play)၊ တေးဂီတပြဇာတ် (Musical Play)၊ အကပြဇာတ်(ကဇာတ်) (Dance Drama)၊ ဘဲလေး (Ballet)၊ တေးသီချင်းပြဇာတ် (Opera) ထွန်းကားလေသည်။

ဘဲလေးသည် ကဇာတ်တစ်ခုဖြစ်သော်လည်း တသီးတခြား ပညာရပ်ဖြစ်၏။ ပညာရှင် တစ်ဦးတည်းက မျက်နှာကိုယ်ဟန် အမူအရာဖြင့် သရုပ်ဖော်ပြသမှု တစ်ခုမှာ "ပင်တိုမိုင် (Pantomine)"ပင် ဖြစ်၏။

၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှ စတင်၍ ဇာတ်သဘင်ဆိုင်ရာ ပြိုင်ပွဲများတွင် ကွက်စိပ်ပြိုင်ပွဲ၊ ရုပ်သေးအဖွဲ့လိုက် ဇာတ်တော်ပြိုင်ပွဲ၊ ဇာတ်ကြီးပြိုင်ပွဲနှင့် ပြဇာတ်ပြိုင်ပွဲများကို စုံလင်စွာ ကျင်းပနိုင်ခဲ့လေသည်။

ယခုနှစ်(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၌ ကွက်စိပ်ပြိုင်ပွဲအတွက် ရာဟုလာ အမွေတောင်းခန်း၊ ရုပ်သေးအဖွဲ့လိုက် ဇာတ်တော်ပြိုင်ပွဲအတွက် ဗုဒ္ဓဝင်တောထွက်ခန်း၊ ဇာတ်တော်ကြီး ပြိုင်ပွဲအတွက် ဘူရိဒတ်နှင့် ပြဇာတ်ပြိုင်ပွဲအတွက် "လူငယ်အားမာန် မိုးယံဆီသို့" ဇာတ်လမ်း ရည်ရွယ်ချက်ခေါင်းစဉ် (Theme) များကို သတ်မှတ်ထားပေသည်။ ဇာတ်စာရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာ (Dramatists)များ၊ Play-wrightများ၊ ဇာတ်သရုပ်ဆောင်များ၊ ရုပ်သေးပညာရှင်များနှင့် ကွက်စိပ်ဆရာများက အထက်ပါ ဇာတ်ဝတ္ထုတော်များနှင့် ရည်ရွယ်ချက်များကို ထိမိပီပြင်စွာ ဇာတ်သဘောအရဖော်ဆောင် (Dramatise) ကြမည်ဖြစ်ရာ ထိုက်တန်သော ဆုတံဆိပ်များကို မကြာမီ ဆွတ်ခူးရရှိကြမည်ဖြစ်ပေသည်။ ။



ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် နေရောင်ခြည်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲခြင်း သရုပ်ပြပွဲကို တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

# တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် နေရောင်ခြည်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲခြင်း သရုပ်ပြပွဲတက်ရောက်

နေပြည်တော်    အောက်တိုဘာ    ၁၉

**နေရောင်ခြည်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲခြင်း သရုပ်ပြပွဲကို အောက်တိုဘာ ၁၀ ရက် နံနက် ၁၀ နာရီတွင် လားရှိုးမြို့ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းခန်းမဌ်ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်သန်းထွဋ် တက်ရောက် အမှာစကား ပြောကြားသည်။**

သရုပ်ပြပွဲတွင် ဆိုလာပြားမှ တစ်ဆင့် နေရောင်ခြည်စွမ်းအင်ကို စုပ်ယူပြီး နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားသုံးချပ်မှ လျှပ်စစ်ဓာတ်အား ၃၅၈ ဝပ် ထွက်ရှိ၍ DC ၁၂ဗို့ ဘက်ထရီမှတစ်ဆင့် ဗို့ ၂၂၀ လျှပ်စစ် စွမ်းအင် ထုတ်ယူနိုင်သော အင်ဗာတာကို အသုံးပြုထားရာ လျှပ်စစ်မီးချောင်း သုံးချောင်း၊ လျှပ်စစ်ထမင်းပေါင်းအိုးတစ်လုံး၊ လျှပ်စစ်မီးပူတစ်ခု၊ လျှပ်စစ်ပန်ကာတစ်ခု၊ တီဗွီတစ်လုံး နှင့် ဒီဗွီဒီစက်တစ်လုံးတို့ကို တစ်ပြိုင်တည်း အသုံးပြုနိုင်သည်။

အဆိုပါ ဆိုလာပြားမှာ နှစ်ပေါင်း ၂၀ခန့် ကြာရှည်စွာ အသုံးပြုနိုင်ကြောင်း သိရှိရသည်။

လျှပ်စစ်ဓာတ်အား မရရှိနိုင်သော အလွန်ဝေးလံသည့် ကျေးလက်ဒေသများ၌ နေရောင်ခြည်သုံး လျှပ်စစ်ဓာတ်အားဖြင့် လျှပ်စစ်ပစ္စည်းမျိုးစုံကို တစ်ပြိုင်တည်း အသုံးပြုသွားနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

## ၂၀-၁၀-၂၀၀၈ (တနင်္လာနေ့)

### နံနက်ပိုင်း

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြား သတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| ၈း၁၆ | ၁၂။ | ပြီးပါပြီ။ |

### ညပိုင်း

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၅ | ၃။ | အမျိုးသားရေးတေးကဗျာ |
| ၄း၂၀ | ၄။ | ချိုမြလက်သံ ငြိမ့်ညောင်းဟန် |
| ၄း၃၀ | ၅။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄း၄၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၄း၅၀ | ၇။ | တိုင်းကျိုးပြည်ပြု တည်ထောင်မှု |
| ၅း၂၀ | ၈။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၅း၃၀ | ၉။ | ဗွီစီဒီကျော်ကြားတေးများ |
| ၅း၄၀ | ၁၀။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၁၁။ | မြဝတီရုပ်မြင်သံကြား သတင်း |
| ၆း၁၀ | ၁၂။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၃။ | အမျိုးသားရေးတေးကဗျာ |
| ၆း၂၅ | ၁၄။ | သွက်လက်လှုပ်ရှား ကစားစို့လား |
| ၆း၄၅ | ၁၅။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၇း၀၀ | ၁၆။ | **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - မင်းသမီးရဲ့ နေ့စဉ်မှတ်တမ်း (အပိုင်း-၃)** |
| ၈း၀၀ | ၁၇။ | မြဝတီရုပ်မြင်သံကြား သတင်း |
| | ၁၈။ | မိုးလေဝသသတင်း |
| | ၁၉။ | အမျိုးသားရေးတေးကဗျာ |
| | ၂၀။ | မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ |
| | ၂၁။ | မေးမြန်းစူးစမ်း |
| | ၂၂။ | သီဆိုဖြေဖျော် တစ်ကိုယ်တော် |
| | ၂၃။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၄။ | **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လေကြောင်းမြို့တော် (အပိုင်း-၅)** |
| | ၂၅။ | သင့်အတွက်မနက်ဖြန် |
| | ၂၆။ | အပိတ်နှုတ်ဆက်စကား |
| | ၂၇။ | ပြီးပါပြီ။ |

# ရန်ကုန်မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်မှု တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှု

**ရန်ကုန်    အောက်တိုဘာ    ၁၉**

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်အတူ စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် ဗဟိုလမ်းမကြီး အောင်ချမ်းသာလမ်းနှင့် သုခလမ်းတစ်လျှောက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ကျန်းမာရေးပညာပေး ဟောပြောပွဲ ဆောင်ရွက်နေမှုများ၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ၊ ဆေးစိမ်ခြင်ထောင်ဆောင်ရွက်မှုလုပ်ငန်းများ၊ ခြင်ဆေးဖျန်းစက် ခုနစ်လုံး အသုံးပြု၍ နေရာလပ်မရှိ ကွက်ပြည့် ခြင်ဆေးဖျန်း ဆောင်ရွက်နေမှုများ၊ ရေစီးရေလာကောင်းမွန်ရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေးဆောင်ရွက်နေမှုများ၊ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း၌ နိုင်လွန်ကတ္တရာ ခင်းကျင်းနေမှု၊ လမ်းလယ်ကျွန်းပြုပြင်ဆောင်ရွက်နေမှုနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မီးတိုင် (Solar Lamp Post) တပ်ဆင်အသုံးပြုနေမှု၊ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်း တစ်လျှောက် စက်ယန္တရားကြီးများအသုံးပြု၍ အရှည်ပေ ၄၈၀၀၊ အကျယ် ၇၂ ပေ ရှိ နိုင်လွန်ကတ္တရာထပ်ပိုးလွှာ ခင်းကျင်းနေမှု၊ သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်း၌ နိုင်လွန်ကတ္တရာခင်းကျင်းနေမှုနှင့် ရေနုတ်မြောင်း တူးဖော်ဆယ်ယူနေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူး၊ မြို့တော်ဝန်နှင့်အဖွဲ့သည် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ဒဂုံတက္ကသိုလ် ကျန်စစ်သားလမ်းဘေးရှိ ငမိုးရိပ်ချောင်းအတွင်း စီးဝင်သည့် အရှည် ၆၅၄၇ ပေ ရှည်လျားသည့် ရေနုတ်မြောင်းအား ရေစီးရေလာကောင်းမွန်ရေးအတွက် စက်ယန္တရားများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ စုပေါင်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဒဂုံတက္ကသိုလ်ဝင်းအတွင်း တပ်မတော်သားများ ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မအူပင်-ရေလဲကလေး-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်းကို ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော်    အောက်တိုဘာ    ၁၉

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် အောက်တိုဘာ ၁၆ ရက်တွင် ဧရာဝတီတိုင်း လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတွင် ပါဝင်သော မအူပင်-ရေလဲကလေး-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်း လမ်းဖောက်လုပ်ခြင်း လုပ်ငန်းများကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ် (၁၂/၀)တွင် လုပ်ငန်းများဆောင်ရွက်နေမှုကိုလည်းကောင်း၊ မိုင်တိုင်အမှတ် (၂၁/၀နှင့် ၂၂/၀)ကြား စက်ယန္တရားများဖြင့် လမ်းတာပေါင်မြှင့်တင်ခြင်း၊ လမ်းခဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အဆိုပါလမ်းအတိုင်း ဆက်လက်ထွက်ခွာလာပြီး ရာဇူဒိုင်မြစ်ကို ဖြတ်၍ တံတားတည်ဆောက်မည့် ရာဇူဒိုင်တံတားလျာထားနေရာကိုလည်းကောင်း၊ ကညင်ခဲ့ရွာမှ ရာဇူဒိုင်မြစ်ကို ရေယာဉ်ဖြင့် ဖြတ်သန်းလျက် မြင်းကကုန်းတံတားတည်ဆောက်မည့် လျာထားတံတား အူကြောင်းနေရာတို့ကို လည်းကောင်း ကွင်းဆင်းလိုက်လံကြည့်ရှုစစ်ဆေးသည်။

မအူပင်-ရေလဲကလေး-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်းသည် ဧရာဝတီတိုင်း လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတွင် ပါဝင်သော လမ်းတစ်လမ်းဖြစ်ပြီး မအူပင်မှ မော်လမြိုင်ကျွန်းအထိ ၄၇ မိုင် ၄ဖာလုံ အရှည်ရှိကာ အဆိုပါလမ်းပေါ်တွင် ရာဇူဒိုင်တံတားနှင့် မြင်းကကုန်းတံတားနှစ်စင်း ပါရှိမည် ဖြစ်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

## သင့်သွေးဖြင့် အသက်ကယ်ပါ

# LUCKY BIRD CO., LTD. ၏ IT SHOW ပြပွဲနှင့် စာနယ်ဇင်းရှင်းလင်းပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၉**

LUCKY BIRD CO., LTD. (Supplier of Computer needs) ၏ ရန်ကုန်မြို့တွင်း ဒုတိယမြောက် LUCKY BIRD CENTER II ကို အမှတ်(၃၅၁) အခန်း(၁၀၃) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်၌ နေရာသစ်ဖွင့်လှစ်ခြင်း အထိမ်းအမှတ် IT SHOW ပြပွဲနှင့် စာနယ်ဇင်းရှင်းလင်းပွဲကို အောက်တိုဘာ ၁၈ရက် မွန်းလွဲ ၂ နာရီတွင် အဆိုပါနေရာ၌ ကျင်းပသည်။

LUCKY BIRD ၏ IT SHOW နှင့် အထူး Discount အစီအစဉ်တွင် ကွန်ပျူတာတစ်စုံ ဝယ်ယူသူများအား TOSHIBA တံဆိပ် 1 GB Pen-drives များ လက်ဆောင်ပေးခြင်း၊ ငွေကျပ် ၁၀ သိန်းအထက် ဝယ်ယူသူများအား ငွေကျပ်၁၀၀၀၀ တန်ဖိုးရှိ City Mart Gift Voucher များ လက်ဆောင်ပေးခြင်းနှင့် လာရောက်ကြည့်ရှုသူများအား ကွန်ပျူတာဖြင့် ဗလာမပါကံစမ်းခြင်း အစီအစဉ်များ အပါအဝင် စိတ်ဝင်စားဖွယ် ပြသထားသည်။

နောက်ဆုံးပေါ် IT နည်းပညာ အသစ်အဆန်းများကိုလည်း အထူး Discount အနေဖြင့် သုံးရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ လျှော့၍ ရောင်းချပေးလျက်ရှိသည်။ နောက်ဆုံးပေါ် IT နည်းပညာများကို လေ့လာလိုသူများအနေဖြင့် ပိုင်ရှင်၏ မျက်နှာပြရုံနှင့် Log On ဝင်နိုင်သော Notebook များ၊ လက်လှုပ်ရှားမှုဖြင့် Mouse မသုံးဘဲ ရွှေ့လျားနိုင်သော Notebook များ၊ မိမိပြသလိုသော မည်သည့်အရာဝတ္ထုမဆို Document Camera ဖြင့် ချိတ်ဆက်၍ ရုပ်သေဓာတ်ပုံ၊ ရုပ်ရှင် Movies များကို ပိတ်ကားပေါ်တွင် ပြသနိုင်သော Document Camera ပါဝင်သော Projector များ၊ Network ပစ္စည်းများ၊ Printer များ၊ Scanner များ၊ IT ပစ္စည်း အသစ်အဆန်းမျိုးစုံကိုလည်း ဗဟုသုတရဖွယ် လေ့လာနိုင်သည်။

IT SHOWနှင့် အထူးDiscount ဈေးနှုန်းများဖြင့် ရောင်းချပေးခြင်း အစီအစဉ်ကို အောက်တိုဘာ၁၅ ရက်မှ နိုဝင်ဘာ ၁၅ ရက်ထိ တစ်လတိတိ LUCKY BIRD CO., LTD. (Supplier of Computer need) ရှိရာ ရန်ကုန်ရုံးချုပ် အမှတ်(၃၅၅) သိမ်ဖြူလမ်း ဖုန်း-၂၄၈၁၆၇၊ ၃၇၉၈၇၅ နှင့် ရန်ကုန်(Center -2) အမှတ် (၃၅၁) အခန်း(၁၀၃)သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ဖုန်း-၀၉-၉၉၂၄၅၄၄၊ မန္တလေးရုံး အမှတ်-၅၊ ၂၆ ဘီလမ်း၊ ၇၈ လမ်းနှင့် ၇၉ လမ်းကြား မန္တလေးမြို့ ဖုန်း-၀၂-၂၁၅၇၂၊ နေပြည်တော်ရုံး အမှတ်-၁၂ ရန်ကုန်-မန္တလေးလမ်းမကြီး ဆင်ရတနာရွှေ နေပြည်တော်ပျဉ်းမနား ဖုန်း-၀၆၇-၂၁၁၉၀ တို့တွင် ဝယ်ယူလေ့လာ ဗဟုသုတ ရယူနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**LUCKY BIRD CO., LTD.(Supplier of Computer needs) ၏ ရန်ကုန်မြို့တွင်း ဒုတိယမြောက် နေရာသစ်ဖွင့်လှစ်ခြင်း အထိမ်းအမှတ် IT Show ပြပွဲနှင့် စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပစဉ်။**
(သတင်းစဉ်)





# (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

## စတုတ္ထနေ့ပြိုင်ပွဲများ ဆက်လက်ကျင်းပ

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ "မဟာဗုဒ္ဓဝင် တောထွက်ခန်း"ခေါင်းစဉ်ဖြင့် ဧရာဝတီတိုင်း ကိုယ်စားပြု ရောလှိုင်းရုပ်စုံသဘင်အဖွဲ့ ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)
(သတင်းဖော်ပြပြီး)

နေပြည်တော် အောက်တိုဘာ ၁၉

**(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စတုတ္ထနေ့ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတို့၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။**





အဆိုပါပြိုင်ပွဲများသို့ ပြိုင်ပွဲကျင်းပရေးနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများ၊ ဗဟိုအကဲဖြတ် ပညာရှင်များ၊ အကဲဖြတ်ဒိုင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်များ၊ မြန်မာ့ရိုးရာ အနုသုခုမပညာကို လေးစားတန်ဖိုးထားကြသောပြည်သူများ တစ်ခဲနက်တက်ရောက် ကြည့်ရှုအားပေးကြသည်။

အဆင့်မြင့်ပညာအဆင့် အမျိုးသားခေတ်ဟောင်း၊ ကာလပေါ်တေး အဆိုပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်မှ မောင်ပိုင်ဖြိုးကို၊ ချင်းပြည်နယ်မှ မောင်ပြည့်ဖြိုးမောင်၊ မွန်ပြည်နယ်မှ မောင်ကျော်လင်းအောင်၊ ပဲခူးတိုင်းမှ မောင်ကိုကိုဝင်း၊ ကရင်ပြည်နယ်မှ စိုင်းသိန်းမြင့်ထွန်း၊ တနင်္သာရီတိုင်းမှ မောင်ဒီရဲလင်း၊ ရှမ်းပြည်နယ်မှ မောင်ဇော်ထက်၊ မန္တလေးတိုင်းမှ မောင်ဝင်းမင်းဌေးနှင့် မောင်ရဲရန်အောင်၊ စစ်ကိုင်းတိုင်းမှ မောင်ဝေဖြိုးအောင်၊ ကယားပြည်နယ်မှ မောင်ပြည့်ဖြိုးဟိန်း၊ ဧရာဝတီတိုင်းမှ မောင်စိန်မင်း၊ ရန်ကုန်တိုင်းမှ မောင်သီဟကျော်နှင့် မောင်မြတ်ထွန်းသိန်းတို့က"သန္တာဠ်စ"သီချင်းဖြင့် သီဆိုပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ် အမျိုးသမီး ခေတ်ဟောင်း၊ ကာလပေါ်တေး အဆိုပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းမှ မရွှေဇင်ဖြိုး၊ ကရင်ပြည်နယ်မှ မနန်းသက်နှင်းစု၊ ကချင်ပြည်နယ်မှ မကြည်ကြည်ဝါ၊ မန္တလေးတိုင်းမှ မဌေးဌေးမြင့်၊ မွန်ပြည်နယ်မှ မနှင်းဝေဝေလှိုင်၊ ချင်းပြည်နယ်မှ မဗန်ရွှေးမွေး၊ မန္တလေးတိုင်းမှ မပန်းအိ၊ စစ်ကိုင်းတိုင်းမှ မနှင်းနှင်းအောင်၊ ရခိုင်ပြည်နယ်မှ မဦးခင်သိန်း၊ ရန်ကုန်တိုင်းမှ မနန်းသက်မှူးကြွယ်၊ မကွေးတိုင်းမှ မငြိမ်းအိဖြိုး၊ ပဲခူးတိုင်းမှ မပပဝင်းဖြူနှင့် ရှမ်းပြည်နယ်မှ မခိုင်ဝါဝင်းတင်တို့က "မြန်မာ့အားအင်" သီချင်းဖြင့် သီဆိုပြိုင်ပွဲဝင်ကြသည်။

အခြေခံပညာအဆင့် အသက် (၅)နှစ်မှ (၁၀)နှစ် အမျိုးသား ခေတ်ဟောင်း၊ ကာလပေါ်အဆိုပြိုင်ပွဲကို ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ ရှမ်းပြည်နယ်မှ မောင်ရဲမြတ်သူ၊ ရခိုင်ပြည်နယ်မှ မောင်မျိုးမြတ်ဟိန်း၊ မွန်ပြည်နယ်မှ မောင်အောင်ကျော်ဖြိုး၊ စစ်ကိုင်းတိုင်းမှ မောင်အာကာဟိန်း၊ ပဲခူးတိုင်းမှ မောင်နိုင်နိုင်စိုး၊ ကရင်ပြည်နယ်မှ စောပြည့်ဖြိုးအောင်၊ ချင်းပြည်နယ်မှ မောင်မုန်ရှင်းဇွန်၊ မန္တလေးတိုင်းမှ မောင်ရဲသူရလွင်နှင့် မောင်သာနေဦး၊ ကချင်ပြည်နယ်မှ မောင်ဖုန်းမြင့်ကျော်၊ ဧရာဝတီတိုင်းမှ မောင်ပိုမိုထက်အောင်နှင့် တနင်္သာရီတိုင်းမှ မောင်ကျော်ဇင်ခိုင်တို့က "ဂီတဗိမာန်" သီချင်းဖြင့် သီဆိုပြိုင်ပွဲဝင်ကြသည်။

အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ် အမျိုးသမီး ခေတ်အကြိုက်တေးအဆိုပြိုင်ပွဲကို နံနက်ပိုင်းတွင် ရွာတော်ရှိအမှတ်(၇) တည်းခိုရေးစခန်း သင်တန်းခန်းမဆောင်၌ကျင်းပရာ ကချင်ပြည်နယ်မှ မစုမြတ်သိဂီ၊ ကရင်ပြည်နယ်မှ မနန်းသက်နှင်းစု၊ ချင်းပြည်နယ်မှ မလိန်းစိမ်း၊ မွန်ပြည်နယ်မှ မအိဖြူဟန်၊ ရခိုင်ပြည်နယ်မှ မအေးသန္တာ၊ စစ်ကိုင်းတိုင်းမှ မနှင်းနှင်းအောင်၊ ပဲခူးတိုင်းမှ မအိမ့်သပြေနိုင်၊ မန္တလေးတိုင်းမှ မပန်းအိနှင့် မမိုးဆန်းသူ၊ ရန်ကုန်တိုင်းမှ မယွန်းလဲ့ခင်နှင့် မဝါဝါခင်၊ ဧရာဝတီတိုင်းမှ မသဇင်မိုးတို့က "အတွယ်အတာ"သီချင်းဖြင့် သီဆိုပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အဆင့်မြင့်ပညာအဆင့် အမျိုးသား ခေတ်အကြိုက်တေး အဆိုပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ကယားပြည်နယ်မှ မောင်ပြည့်ဖြိုးဟိန်း၊ ကရင်ပြည်နယ်မှ မောင်ဇင်မင်းအောင်၊ မွန်ပြည်နယ်မှ မောင်စိုင်းတင်လွင်ဦး၊ ရခိုင်ပြည်နယ်မှ မောင်နိုင်လင်းအောင်၊ စစ်ကိုင်းတိုင်းမှ မောင်ထန်လျန်ကပ်၊ တနင်္သာရီတိုင်းမှ မောင်ဒီရဲလင်း၊ ပဲခူးတိုင်းမှ မောင်ကိုကိုဝင်း၊ မန္တလေးတိုင်းမှ မောင်အောင်နေစိုးနှင့် မောင်သိန်းစံအောင်၊ ရန်ကုန်တိုင်းမှ မောင်သီဟကျော်နှင့် မောင်ရဲလင်းထွန်း၊ ရှမ်းပြည်နယ်မှ မောင်ဇော်ထက်နှင့် ဧရာဝတီတိုင်းမှ မောင်သူရကျော်တို့က "ဥမကွဲသိုက်မပျက်" သီချင်းဖြင့် သီဆိုပြိုင်ပွဲဝင်ကြသည်။

အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ် အမျိုးသား အကပြိုင်ပွဲကို နံနက် ၉ နာရီတွင် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ စစ်ကိုင်းတိုင်းမှ မောင်ဝေဇင်၊ ကချင်ပြည်နယ်မှ မောင်စည်သူအောင်၊ ရခိုင်ပြည်နယ်မှမောင်သန်းစိုးအောင်၊ ကရင်ပြည်နယ်မှ စောသူရိန်ထွန်း(ခ)အာတူ၊ ရခိုင်ပြည်နယ်မှ မောင်သုခစိုး၊ တနင်္သာရီတိုင်းမှ မောင်ကျော်ထွေးအောင်၊ မွန်ပြည်နယ်မှ မောင်ထွေးကိုကို၊ ကယားပြည်နယ်မှ မောင်သိန်းဌေးအောင်၊ ရန်ကုန်တိုင်းမှ မောင်အေးမောင်မောင်၊ ကချင်ပြည်နယ်မှ မောင်မင်းချစ်သူ၊ ရန်ကုန်တိုင်းမှ မောင်နိုးနိုးလပြည့်၊ ပဲခူးတိုင်းမှ မောင်ကိုကိုအောင်၊ မန္တလေးတိုင်းမှ မောင်ဇော်သူအောင်နှင့် မျိုးသီဟကျော်(ခ)ပိုင်ပိုင်တို့ ကပြယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ် (အမျိုးသမီး)အကပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ကချင်ပြည်နယ်မှ မဆာလိုမီ၊ ရန်ကုန်တိုင်းမှ မနှင်းဝတ်ရည်ထူး(ခ)စနေမ၊ ရခိုင်ပြည်နယ်မှ မဖူးရွှေစင်၊ ရှမ်းပြည်နယ်မှ မမြတ်အိန္ဒြေထက်၊ ကယားပြည်နယ်မှ မငြိမ်းငြိမ်းအိ၊ ရှမ်းပြည်နယ်မှ မချမ်းမြေ့ခိုင်၊ မွန်ပြည်နယ်မှ မလဲ့ယဉ်သန်း၊ ကချင်ပြည်နယ်မှ မအိဖြူစင်သန့်၊ ပဲခူးတိုင်းမှ မအိအိမိုး၊ မန္တလေးတိုင်းမှ မအိကေခိုင်မျိုး၊ မကွေးတိုင်းမှ မစန္ဒီထက်ထက်၊ မန္တလေးတိုင်းမှ ဖူးမွန်ထက်ဝင်းအောင်၊ ဧရာဝတီတိုင်းမှ မခက်ပိုပိုနိုင်နှင့် မရွှေဝင့်ထည်ကို၊ ပဲခူးတိုင်းမှ မလင်းလက်အောင်၊ ကရင်ပြည်နယ်မှ မနန်းဌေးဌေးနိုင်၊ တနင်္သာရီတိုင်းမှ မကေခိုင်စိုး၊ ရန်ကုန်တိုင်းမှ မမေအေးအေးချမ်း (ခ) ကြာလေးစိန်နှင့် စစ်ကိုင်းတိုင်းမှ မအိသက်ပိုင်တို့ ကပြယှဉ်ပြိုင်ကြသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား စန္ဒရားအတီးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် သစ်တောသုတေသနဌာန စုဝေးခန်းမ၌ကျင်းပရာ မွန်ပြည်နယ်မှ မောင်အောင်ဘိုဘို၊ ရန်ကုန်တိုင်းမှ မောင်ရဲမင်းဟန်၊ ဧရာဝတီတိုင်းမှ ဦးအောင်ကိုသက်၊ ပဲခူးတိုင်းမှ ဦးစိုးလွင်၊ မန္တလေးတိုင်းမှ မောင်နေဇင်အောင်၊ စစ်ကိုင်းတိုင်းမှ မောင်မင်းသူရ၊ ရခိုင်ပြည်နယ်မှ ဦးကျော်ဇောလင်း၊ မန္တလေးတိုင်းမှ မောင်သန့်ဇင်ထွေး၊ မကွေးတိုင်းမှ ဦးဇော်မင်းနှင့် ရန်ကုန်တိုင်းမှ မောင်ပဇော်ဟိန်းတို့က စိန်ကြောင်နီလာ (ပတ်ပျိုး)သီချင်းဖြင့် တီးခတ်ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ် အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းမှ မခင်ယဉ်မင်းဆုနှင့် မမေနဒီအောင်၊ ဧရာဝတီတိုင်းမှ မခိုင်ထက်ထက်လင်းတို့က စိမ်းလဲ့လဲ့ညိုပြာ(ကြိုး)သီချင်းဖြင့် တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း)အမျိုးသား ပတ္တလားအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ကျင်းပရာ ကယားပြည်နယ်မှ ဦးချစ်ဝေ၊ မန္တလေးတိုင်းမှ ဦးခိုင်မျိုးကျော်၊ ပဲခူးတိုင်းမှ မောင်မင်းသူနိုင်၊ ရှမ်းပြည်နယ်မှ ဦးသန်းထွန်းဦး၊ မကွေးတိုင်းမှ ဦးလှကြည်၊ ရန်ကုန်တိုင်းမှ ဦးမင်းကိုနှင့် ဦးအောင်ဗိုလ်မင်း၊ ရခိုင်ပြည်နယ်မှ ဇေယျာထွန်းဝေ၊ စစ်ကိုင်းတိုင်းမှ မောင်ဝင်းဇော်ထွန်း၊ မွန်ပြည်နယ်မှ မောင်ချစ်မိုးလျှံ၊ ဧရာဝတီတိုင်းမှ ဦးမြင့်စိုးနှင့် မန္တလေးတိုင်းမှ ဦးဝင်းထွန်းဦးတို့က"ဆဒ္ဒန်အိုင်သာ"(သီချင်းခံ)သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ပတ္တလားအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မန္တလေးတိုင်းမှ မနေရည်အောင်နှင့် မချမ်းမြေ့သူ၊ ရန်ကုန်တိုင်းမှ မအေးစုမာ၊ ပဲခူးတိုင်းမှ မစိမ်းမိုးနှင့် ရန်ကုန်တိုင်းမှ

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✻

## (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ

## နေ့ရက်အလိုက်ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲအစီအစဉ်များ

| စဉ် | ရက်စွဲ | ပြိုင်ပွဲကျင်းပသည့်နေရာ | ပြိုင်ပွဲဘာသာရပ် | ပြိုင်ပွဲအဆင့် | အချိန် |
|---|---|---|---|---|---|
| ၅ | ၂၀-၁၀-၂၀၀၈ (တနင်္လာနေ့) | စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ) | အဆို၊ မဟာဂီတ | အဆင့်မြင့်ပညာ(အမျိုးသမီး) | ၀၉း၀၀ |
| | | | အဆို၊ မဟာဂီတ | အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း)(အမျိုးသား) | ၁၃း၀၀ |
| | | မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်(ဘွဲ့နှင်းသဘင်ခန်းမ) | အက | ဝါသနာရှင် (ဒုတိယတန်း)(အမျိုးသမီး) | ၀၉း၀၀ |
| | | | အက | အဆင့်မြင့်ပညာ(အမျိုးသား) | ၁၃း၀၀ |
| | | | ပြဇာတ် | လူငယ်အားမာန်မိုးယံဆီသို့(ပဲခူးတိုင်း) | ၁၈း၃၀ |
| | | | ပြဇာတ် | လူငယ်အားမာန်မိုးယံဆီသို့(ကချင်ပြည်နယ်) | ၂၁း၀၀ |
| | | သစ်တောသုတေသနဌာန (စုဝေးခန်းမ) | အတီး(စန္ဒရား) | အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း)(အမျိုးသား) | ၀၉း၀၀ |
| | | | အတီး(စန္ဒရား) | ဝါသနာရှင် (ပထမတန်း)(အမျိုးသမီး) | ၁၃း၀၀ |
| | | စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ) | အတီး(စောင်း) | ဝါသနာရှင် (ဒုတိယတန်း)(အမျိုးသား) | ၀၉း၀၀ |
| | | | အတီး(စောင်း) | အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း)(အမျိုးသမီး) | |
| | | | အတီး(စောင်း) | အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း)(အမျိုးသား)(အမျိုးသမီး) | ၁၃း၀၀ |
| | | စိုက်ပျိုးရေးသုတေသန ဦးစီးဌာန(စုဝေးခန်းမ) | အတီး(အိုးစည်) | ဝါသနာရှင်(ပထမတန်း)(အမျိုးသား) | ၀၉း၀၀ |
| | | | အတီး(အိုးစည်) | အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း)(အမျိုးသား) | ၁၃း၀၀ |
| | | စိုက်ပျိုးရေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ) | အတီး(ဆိုင်းအဖွဲ့လိုက်) | အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း)(အမျိုးသား) | ၀၉း၀၀ |
| | | | အတီး(ဆိုင်းအဖွဲ့လိုက်) | အခြေခံပညာအသက်(၅နှစ်ပြည့်မှ ၁၀နှစ်အတွင်း)(အမျိုးသား) | ၁၃း၀၀ |
| | | အမှတ်(၇)တည်းခိုရေးစခန်း (သင်တန်းခန်းမဆောင်) | ရုပ်သေး | ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသား) | ၀၉း၀၀ |
| | | | ရုပ်သေး | ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသမီး) | ၁၃း၀၀ |
| | | | ရုပ်စုံသဘင်အဖွဲ့လိုက် | မဟာဗုဒ္ဓဝင်တောထွက်ခန်း(စစ်ကိုင်းတိုင်း) | ၁၉း၀၀ |

✳ ကျောဖုံးမှ

ရောက်ရှိကြပြီး (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ အခြေခံပညာအဆင့် အသက် (၁၅) နှစ်မှ (၂၀) နှစ် အမျိုးသား အကပြိုင်ပွဲကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နေပြည်တော်ရေဆင်း တက္ကသိုလ်နယ်မြေရှိ စန္ဒရားအတီးပြိုင်ပွဲကျင်းပသည့် သစ်တောသုတေသနဌာန စုဝေးခန်းမသို့ ရောက်ရှိပြီးဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား စန္ဒရားအတီးပြိုင်ပွဲတွင် စိန်ကြောင်နီလာ(ပတ်ပျိုး) သီချင်းဖြင့် ပြိုင်ပွဲဝင်များ၏ တီးခတ်ပြိုင်ပွဲဝင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နေပြည်တော်ရေဆင်း တက္ကသိုလ်နယ်မြေရှိ ဒိုးပတ်အတီးပြိုင်ပွဲကျင်းပသည့် စိုက်ပျိုးရေးသုတေသန စုဝေးခန်းမသို့ သွားရောက်ပြီး ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား အဖွဲ့လိုက် ဒိုးပတ်အတီး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ယနေ့နံနက်ပိုင်းတွင် အတွင်းရေးမှူး(၁)သည် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်ပညာရှင်များနှင့် ပါဝင်ယှဉ်ပြိုင်ကြသည့် ပြိုင်ပွဲဝင်များအတွက် နေပြည်တော်ရှိ ရွာတော်အမှတ်(၇) တည်းခိုရေးစခန်း၌ ဖွင့်လှစ်ရောင်းချလျက်ရှိသည့် စားသောက်ဆိုင်ခန်းများ၊ အရောင်းဆိုင်ခန်းများနှင့် စားရိပ်သာတို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဧည့်ခံကျွေးမွေးရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌေးတို့က လိုက်လံရှင်းလင်းပြသပြီး အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)

● **သားသမီးတို့မှ**

ငြိမ်သက်လျက် ရှိသောကြောင့် အခြားကျေးလက်များတွင် မြင်တွေ့နေကျ သက်ငြိမ်ပန်းချီကား တစ်ချပ်ပမာပင်။

ဘိုကလေးမြို့တစ်ပတ် မြို့လုံးပတ်လည် လေ့လာခွင့်ရခဲ့ပါသည်။ မြင်ကွင်းမှာ ယခင်နှင့်ယခု တခြားစီပင်။ သစ်လွင်သော အမိုးအကာတို့ဖြင့် လူနေအိမ်များ၊ ရုံးအဆောက်အအုံနှင့် ကျောင်းများသည် မြို့ဥပမိရုပ်နှင့်အညီ လှပထည်ဝါလျက်ရှိသည်။

အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအခြေအနေနှင့် စပ်လျဉ်းပြီး လေ့လာသိရှိလို၍ ဘိုကလေးမြို့ရှိ ဦးကျော်သန်း-ဒေါ်သီတာလွင်တို့၏ ငါး၊ ပုစွန်ဒိုင်သို့ သွားရောက်ခဲ့ရာ ဦးကျော်သန်းက "ရေလုပ်ငန်းပိုင်းမှာ ဆုံးရှုံးမှုတွေ ရှိခဲ့ပေမယ့် အောက်ခြေရေလုပ်သားတွေကို နိုင်ငံတော်နဲ့ ပြည်တွင်း၊ ပြည်ပစေတနာရှင်တွေက ထောက်ပံ့ပေးခဲ့ကြတဲ့အတွက် မုန်တိုင်းတိုက်ပြီး တစ်လအကြာမှာပဲ ပုံမှန်လုပ်ငန်းတွေ စတင်နိုင်ခဲ့ကြပါတယ်။ ကျွန်တော်တို့နဲ့ဆက်စပ်တဲ့ ရေလုပ်သားတွေကို ကျွန်တော်တို့ တတ်နိုင်သမျှ ထောက်ပံ့ပေးခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဒိုင်က မုန်တိုင်းအပြီး ရက် ၂၀ အတွင်းမှာပဲ ရွက်ဖျင်တဲထိုးပြီး ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

လက်ရှိ ရေချို ပုစွန်တုပ်၊ ကကတစ်၊ ငါးသလောက်၊ ငါးပုဏ္ဏားနဲ့ ပုစွန်ဖော့ချိတ်တွေ အဝင်များပါတယ်။ ရေထရက်ဆိုရင် ပိဿာ ၅၀ နဲ့ ၆၀ ကြားရှိတဲ့ ပုံးပေါင်း ၁၄ လုံး၊ ၁၅ လုံးလောက် ဝင်ပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘုရားကျောင်းကျေးရွာရှိ တောင်သူ ဦးကြည်စိုး၏ လယ်ယာမြေသို့ သွားရောက်ခဲ့ရာ ဦးကြည်စိုးက "ကျွန်တော့်လယ်က ၁၄ ဧကရှိပြီး သီးထပ်ရင်စပါးတွေ စိုက်ပျိုးထားပါတယ်။ နိုင်ငံတော်က မျိုးစပါး တစ်ဧက နှစ်တင်းနှုန်း အပြင် ထွန်ယက်ဆီ၊ ဓာတ်မြေဩဇာတွေကိုပါ ထောက်ပံ့ပေးပါတယ်။ အရင်က တစ်ဧကကို တင်း ၅၀ နှုန်းသာ ထွက်ခဲ့ပေမယ့် အခု အသီးကို အားပေးစေတဲ့ ဓာတ်မြေဩဇာတွေကို နိုင်ငံတော်က ထောက်ပံ့ပေးတဲ့အတွက် အခုနှစ်မှာ တစ်ဧကကို တင်း ၈၀ နှုန်း ထွက်ရှိမယ်လို့ ခန့်မှန်းထားပါတယ်။ စပါးမပေါ်မီ အတွက်လည်း စားဝတ်နေရေး အခက်အခဲမရှိအောင် နိုင်ငံတော်က ဆန်နဲ့ လိုအပ်တဲ့ စားနပ်ရိက္ခာတွေ ထောက်ပံ့ပေးလို့ နောက်ဆံမငင်ရဘဲ လယ်ယာလုပ်ငန်းကို ဇောက်ချ လုပ်နိုင်ကြပါတယ်" ဟု ပြောကြားသည်။

နိုင်ငံတော်နှင့် ပြည်တွင်း ပြည်ပမှ စေတနာရှင်များ၏ ထောက်ပံ့လှူဒါန်းမှုနှင့်စပ်လျဉ်း၍ ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးသိန်းနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ "မြို့နယ်အတွင်းမှာရှိတဲ့ လေဘေးသင့် အုပ်စုများအလိုက် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၃ စုတို့အတွက် လူနေအိမ် ၈၀၆၄ လုံး ဆောက်လုပ်ပေးလျက်ရှိပါတယ်။ ကြိမ်ချောင်းကြီး၊ စက်ဆန်း၊ ဒေါင့်ကြီး၊ သဲချောင်း၊ ဧရာ (အနောက်ရေကျော်ကြီး)နဲ့ ကဒုံကနီ (ရွှေစာရံ) စတဲ့ ကျေးရွာအုပ်စုတွေမှာ တိုင်းရင်းသားလုပ်ငန်းရှင်တွေက လူနေအိမ် ၇၅၀ ကျော် ဆောက်လုပ်လှူဒါန်း ထားပါတယ်။

လယ်ယာကဏ္ဍအနေနဲ့ မျိုးစပါး ၂၃၄၈၃၈ တင်း၊ လက်တွန်းထွန်စက် ၁၃၈၈ စီး လိုမယ်လို့ တွက်ထားခဲ့ပါတယ်။ မျိုးစပါး အလုံအလောက်ရရှိခဲ့ပါတယ်။ လက်တွန်းထွန်စက်အနေနဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ၁၄၂၂ စီး၊ သစ်တောရေးရာဝန်ကြီးဌာနက အစီး ၇၀၀၊ ပြည်တွင်းပြည်ပ စေတနာရှင်၊ အလှူရှင်တွေက အစီး ၁၂၀၀ ကျော် စသဖြင့် လက်တွန်းထွန်စက် အစီး ၃၀၀၀ ကျော် ဖြည့်ဆည်းပေးနိုင်ခဲ့ပါတယ်။ လက်တွန်းထွန်စက် လိုတာထက် နှစ်ဆကျော် ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ အရင်ကဆို ကျွဲ၊ နွားနှင့် ထွန်ယက်ကြတာ များပါတယ်။ အခုဆိုရင် စက်မှုလယ်ယာခေတ်ကို တစ်ခေတ်ပြောင်း ထူထောင်နိုင်နေပါပြီ။ ဓာတ်မြေဩဇာတွေလည်း ဖြန့်ဖြူးပေးနိုင်တဲ့အတွက် အထွက်နှုန်းကို ပိုပြီး အထောက်အပံ့ ဖြစ်စေပါလိမ့်မယ်။ ဒါအပြင် ထွန်ယက်ဆီ ၂၈၃၅၂၇ ဂါလန်၊ ကျွဲ နွား စုစုပေါင်း ၆၇၅ကောင်လည်း ထောက်ပံ့ပေးခဲ့ပါတယ်။

ဒါကြောင့် ယခုနှစ် စပါးလျာထား ဧက ၂၆၁၀၀၂ ဧကသာ ရှိခဲ့သော်လည်း ၂၉၁၈၆၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၁၁၁ ဒသမ ၆၇ ရှိပါတယ်။ ထို့အပြင် ငါးဖမ်းလှေပေါင်း ၈၆၈ စင်းနဲ့ ငါးဖမ်းပိုက် ၁၈၃၇ ဖုံ ဖြန့်ခွဲ ထောက်ပံ့ပေးနိုင်တဲ့အတွက် ရေလုပ်ငန်းတွေလည်း ပုံမှန်အတိုင်း လည်ပတ်နိုင်ခဲ့ပါတယ်။ ရေလုပ်သားတွေအနေနဲ့ မုန်တိုင်းမတိုင်မီကာလကထက် ငါး၊ ပုစွန်တွေ ပိုမိုဖမ်းဆီးရမိနေတယ်လို့ သိရပါတယ်။ သူတို့ကိုလည်း စားနပ်ရိက္ခာ မပူပင်မကြောင့်ကြရအောင် ထောက်ပံ့ပေးထားပါတယ်။

နိုင်ငံတော်၊ သစ်တောရေးရာဝန်ကြီးဌာနနဲ့ တိုင်းရင်းသားလုပ်ငန်းရှင်အဖွဲ့တွေက မြို့ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးတဲ့အတွက် မြို့အင်္ဂါရပ်နဲ့အညီ ပြန်လည် ဖွံ့ဖြိုးလာပါပြီ။ စာသင်ကျောင်းတွေလည်း အမြန်ဆုံးပြုပြင်မွမ်းမံ တည်ဆောက်နိုင်ခဲ့လို့ ပညာသင်နှစ်အမီ ကျောင်းတွေ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ယခု ပွင့်လင်းရာသီမှာ ယာယီ စာသင်ကျောင်းအချို့ကို အခိုင်အမာကျောင်းများအဖြစ် ပြန်လည်ဆောက်လုပ်ပေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့အားလုံး ပုံမှန်လုပ်ငန်းများ ပြန်လည်ပတ်နိုင်နေပါပြီ။ ဆက်လက်ပြီး အားကြိုးမာန်တက် ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့မြို့နယ်ကို အဘက်ဘက်က ပံ့ပိုးပေးကြတဲ့ ပြည်တွင်း၊ ပြည်ပ စေတနာရှင် အလှူရှင်တွေလည်း အထူးပဲ ကျေးဇူးတင်ပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

မိမိတို့ ဘိုကလေးမြို့မှ ပြန်လည်ထွက်ခွာခဲ့ကြရာ လမ်းဘေးဝဲယာ တစ်လျှောက်တွင် စိမ်းစိုသော စပါးခင်းများကို တစ်မျှော်တစ်ခေါ် တွေ့မြင်ရသည်။

သီးကင်းလိုက်စ စပါးခင်း တစ်မျှော်တစ်ခေါ်ကို ကြည့်ရှုငေးမောရင်း အနီးအနားရှိ တောင်သူများနှင့် စကားလက်ဆုံ ကျခဲ့ရာ တောင်သူအချို့က "ကျွန်တော်တို့ ဧရာဝတီသားတွေဟာ ဧရာဝတီမြေမှာပဲနေ၊ ဧရာဝတီရေကို သောက်ပြီး ကြီးပြင်းလာကြသူများပီပီ လယ်ယာစိုက်ပျိုးရေးဟာ

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❐



**ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးစိုးသိန်း သတင်းအဖွဲ့သို့ ရှင်းလင်း ပြောကြားစဉ်။**



**"ကျွန်တော်တို့ဒိုင်က မုန်တိုင်းအပြီး ရက် ၂၀ အတွင်းမှာပဲ ရွက်ဖျင်တဲထိုးပြီး ပြန်လည်ဖွင့်လှစ် နိုင်ခဲ့ပါတယ်"**

*ဦးကျော်သန်း (ငါး၊ ပုစွန်ရောင်းဝယ်ရေး၊ ဘိုကလေးမြို့နယ်)*



**"စပါးမပေါ်မီ စားဝတ်နေရေးအခက်အခဲမရှိအောင် နိုင်ငံတော်က ဆန်နဲ့ လိုအပ်တဲ့ စားနပ်ရိက္ခာတွေထောက်ပံ့ပေးလို့ နောက်ဆံ မငင်ရဘဲ လယ်ယာလုပ်ငန်းကိုဇောက်ချလုပ် နိုင်ကြပါတယ်။"**

*ဦးကြည်စိုး(တောင်သူကြီး) (ဘုရားကျောင်းကျေးရွာ၊ ဘိုကလေးမြို့နယ်)*

**ဖမ်းဆီးရမိထားသော ငါး၊ ပုစွန်များအား အဝယ်ဒိုင်များက ဝယ်ယူပြီး ပြန်လည်တင်ပို့ရောင်းချရန် စနစ်တကျ ပြင်ဆင်နေကြသည်ကို တွေ့ရစဉ်။**





**ရေလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ခဲ့၍ ပုစွန်များအား ဖမ်းဆီးရမိထားသည်ကို တွေ့ရစဉ်။**



**ဘိုကလေးမြို့ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းကို တွေ့ရစဉ်။**



**ယခင် တစ်ဧက တင်း ၅၀ နှုန်းထွက်ခဲ့ရာက ယခု နိုင်ငံတော်က အသီးအားပေးသည့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးမှုကြောင့် တစ်ဧက တင်း ၈၀ ခန့် ထွက်ရှိလာမည့် ဘိုကလေးမြို့နယ် ဘုရားကျောင်းကျေးရွာမှ စပါးခင်းကို တွေ့ရစဉ်။**

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် နယ်စပ်ဖြတ်ကျော်လမ်းနှင့် ကုန်သွယ်ရေးဇုန်တည်ဆောက်မည့်မြေနေရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၉

**ရခိုင်ပြည်နယ် မောင်တောမြို့၌ ရောက်ရှိနေသော ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် အောက်တိုဘာ ၁၇ ရက် နံနက်၇နာရီခွဲတွင် မောင်တောမြို့ ကုန်သည်ကြီးများ အသင်းရုံး ဒေဝါနဒီခန်းမ၌ ကျင်းပသော ဌာနဆိုင်ရာများ၊ ကုန်သည်ကြီးများအသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။**

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက ကုန်သွယ်ရေးဇုန် တည်ဆောက်မည့်မြေနေရာ၊ နယ်စပ်ဖြတ်ကျော် လမ်းဖောက်လုပ်မည့် အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများ၏ ဆွေးနွေးမေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြား၍ ဗိုလ်ချုပ်ခင်ဇော်က လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်၊ တိုင်းမှူး ဗိုလ်ချုပ် သောင်းအေး၊ ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် အဖွဲ့သည်မောင်တော-ရွှေဇားကျေးရွာကားလမ်းမှတစ်ဆင့် ရွှေဇားတံတားသို့ရောက်ရှိကြပြီး တံတား၏ကြံ့ခိုင်မှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်၊ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ရွှေဇားကျေးရွာအုပ်စုရှိ ကညင်ချောင်းဆိပ်ခံတံတား၊ စခန်းအဆောက်အအုံများ၊ ပြန်လည် လက်ခံရေးစခန်းနှင့် နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော်လမ်း ဖောက်လုပ်မည့် လမ်းကြောင်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ကညင်ချောင်း ဆိပ်ကမ်းသည် သင်္ဘောကြီးများ တစ်နှစ်ပတ်လုံး ဝင်ထွက်သွားလာနိုင်သည့် နေရာဖြစ်ရာ ဆိပ်ကမ်းပြန်လည်မွမ်းမံတည်ဆောက်ပြီးစီးပါက နှစ်နိုင်ငံ ကုန်သွယ်မှုကို များစွာ အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ထို့နောက် ဗိုလ်ချုပ် ခင်ဇော်နှင့် အဖွဲ့သည် ကညင်ချောင်းဆိပ်ခံတံတားမှ နတ်မြစ်မြစ်ကြောင်းအတိုင်း အမြန်ရေယာဉ်များဖြင့် တောင်ပြိုလက်ဝဲမြို့သို့ရောက်ရှိကြပြီး နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်လမ်းဖောက်လုပ်သွားမည့်လမ်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်ချစ်ကြည်ရေးတံတားနှင့် ကမ္ဘည်းကျောက်စာတိုင်မှစ၍လမ်းအူကြောင်းရှာဖွေထားမှုနှင့် ကုန်သွယ်မှုဇုန်သို့ ဦးတည်ပြီး နယ်စပ်ဖြတ်ကျော်လမ်း ဖောက်လုပ်မှုအခြေအနေ၊ ကုန်သွယ်ရေးဇုန်တည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့သည် တောင်ပြိုယာဆည်သို့ ရောက်ရှိကြပြီး ဆည်အတွင်း ရေသိုလှောင်နိုင်မှု အခြေအနေနှင့် ပတ်ဝန်းကျင်မြေအခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။ အဆိုပါ တောင်ပြိုယာဆည်သည် ကုန်သွယ်မှုဇုန်သို့ ရေလုံလောက်စွာ ပေးဝေနိုင်မည့်ဆည်ဖြစ်သည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်သည် တောင်ပြိုလက်ဝဲမြို့ရှိ ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများအား ထောက်ပံ့ငွေနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့သည် တောင်ပြိုလက်ဝဲမြို့ တောင်ပြိုဝဲစံပြကျေးရွာ ရှင်းလင်းဆောင်၌ ဒေသခံများအား တွေ့ဆုံပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က အဝတ်အထည်နှင့်စာစောင်များကို ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့သည်တောင်ပြိုလက်ဝဲမြို့ရှိ ဌာနဆိုင်ရာ ရုံးအဆောက်အအုံများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး ရေယာဉ်များဖြင့်တောင်ပြိုလက်ဝဲမြို့မှ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်အတိုင်းကျိုးကျွန်းဒီရေတောများ ထိန်းသိမ်းထားရှိမှုနှင့်နှစ်နိုင်ငံနယ်စပ်အခြေအနေများကို ကြည့်ရှု စစ်ဆေးကြကာ ညနေပိုင်းတွင် မောင်တောမြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

**✽ စာမျက်နှာ ၈ မှ**

မနှင်းရည်ဝင်းတို့က ညဥ့်သုံးယံခါ (ပတ်ပျိုး) သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား ဒိုးပတ်အတီးပြိုင်ပွဲကို နံနက်ပိုင်းတွင် စိုက်ပျိုးရေးသုတေသနဌာန စုဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းမှ မောင်ပြည့်ဖြိုးမော်အဖွဲ့၊ မကွေးတိုင်းမှ ဦးသဲမောင်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်လင်းထိုက်အောင်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်အောင်သူဟိန်းအဖွဲ့နှင့် မြန်မာပြည်သားလေး ဖိုးဇော်အဖွဲ့၊ ပဲခူးတိုင်းမှ မောင်အောင်မျိုးမင်း (ခ) အောင်မူဝံအဖွဲ့၊ ဧရာဝတီတိုင်းမှ ဦးချစ်ကျော်ကျော်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ ဦးအောင်သန်းဇော်အဖွဲ့၊ ရခိုင်ပြည်နယ်မှ ဦးကျော်ဝင်းအဖွဲ့နှင့် မွန်ပြည်နယ်မှ ချစ်ဖြိုးလျှံအဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ် အမျိုးသား ဒိုးပတ်အတီးပြိုင်ပွဲကို ဆက်လက် ကျင်းပရာ ဧရာဝတီတိုင်းမှ မောင်ဇင်မျိုးထက်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ မောင်သီဟဇော်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်စိန်ဗိုလ်ထွားအဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ဇော်မင်း(ခ)ဖိုးလပြည့်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်မင်းဟိန်းထက်အဖွဲ့၊ ချင်းပြည်နယ်မှ မောင်လင်းထန်အဖွဲ့နှင့် ရန်ကုန်တိုင်းမှ မောင်အောင်ထွန်းဦး(ခ) စိန်တွတ်တီးအဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားဆိုင်း(တစ်ဦးချင်း) အတီးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းမှ တံခွန်မြတ်ဇင်အောင်၊ မကွေးတိုင်းမှ ဦးမြမင်းဗိုလ်၊ ရန်ကုန်တိုင်းမှ မြို့တော်အေးမင်းအောင်၊ မန္တလေးတိုင်းမှ ဦးကောင်းသန့်၊ ဧရာဝတီတိုင်းမှ ဦးစက်ကလေးနှင့် ရန်ကုန်တိုင်းမှ ဦးရဲလင်းဗိုလ်တို့က "မှိုင်းပြာမှုန်ဝေ (ပတ်ပျိုး)"သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် အမျိုးသားဆိုင်း (တစ်ဦးချင်း) အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မန္တလေးတိုင်းမှ မောင်ရန်အောင်၊ ရန်ကုန်တိုင်းမှ မောင်အောင်မျိုးဝင်း(ခ) မောင်ဖိုးချစ်၊ ပဲခူးတိုင်းမှ မောင်ဇော်ဝင်းနိုင်၊ မကွေးတိုင်းမှ မောင်လှမင်း၊ ရန်ကုန်တိုင်းမှ မောင်ဝေယံမောင်မောင်၊ မန္တလေးတိုင်းမှ မောင်သူရထက်နိုင်၊ စစ်ကိုင်းတိုင်းမှ မောင်နိုင်ဇာလင်းနှင့် ဧရာဝတီတိုင်းမှ မောင်နိုင်နိုင်တို့က "ကိုးပါးပေါင်းစု" (ကြိုး) သီချင်းဖြင့် ယှဉ်ပြိုင်ကြသည်။ (သတင်းစဉ်)

**❒ စာမျက်နှာ ၉ မှ**

ကျွန်တော်တို့ရဲ့ ဘဝပါပဲ။ အချို့က မုန်တိုင်းတိုက်ပြီး လယ်တွေမှာ စပါးပြန်စိုက်လို့ မရဘူးဆိုပြီး ပြောခဲ့ကြပါတယ်။ ဒါဟာ မမှန်ပါဘူး။ ကျွန်တော်တို့အားလုံး ကြိုးစားခဲ့ကြလို့ စပါးခင်းတွေ အောင်မြင်ဖြစ်ထွန်းနေတာ အားလုံးအတွေ့ပါပဲ။ မြစ်ဝကျွန်းပေါ်ဒေသမှာ ချောင်း၊ မြောင်းတွေက ပေါများတာမို့ စိုက်ပျိုးရေးအတွက်ကတော့ ပူစရာမလိုပါဘူး"ဟု ရွှင်လန်းတက်ကြွမှုအပြည့်ဖြင့် ဝိုင်းဝန်း ဆွေးနွေးခဲ့ကြပါသည်။

လေဘေးသင့်ပြီး ရက်ပိုင်းအတွင်းက ဘိုကလေးမြို့ရှိ ကျေးရွာအနှံ့ကို တပ်မတော်ရဟတ်ယာဉ်ဖြင့် ထောက်ပံ့ရေးပစ္စည်းများ ပေးပို့သည့် ခရီးစဉ်သို့ မိမိလိုက်ပါခွင့်ရခဲ့စဉ်က တွေ့မြင်ခဲ့ရသည့် မြင်ကွင်းကို ပြန်ပြောင်းသတိရမိပေသည်။ ထိုစဉ်က ရေအတိလွှမ်းခဲ့သော လယ်မြေများတွင် ယခုအခါ သီးကင်းလိုက်စ စပါးခင်းများနှင့် မြင်ကွင်းပြောင်းလဲသွားပြီး လဲပြိုနေသော လူနေအိမ်များနေရာတွင် အခိုင်အမာအိမ်ရာများ အစားထိုးဖြစ်ပေါ်နေပေပြီ။

နိုင်ငံတော်၏ မေတ္တာ၊ ကရုဏာတို့ကြောင့် ဧရာဝတီတိုင်း လေဘေးသင့်ဒေသများသည် ယခင်ကထက်ပိုမိုဖွံ့ဖြိုးတိုးတက်လာခဲ့ပေပြီ။သားသမီးတို့အပေါ်ထားရှိသော မိဘ၏မေတ္တာ၊ ကရုဏာတို့ကဲ့သို့ နိုင်ငံတော်၏ ပြုစုစောင့်ရှောက်မှုတို့ကြောင့် တိုးတက်စည်ပင်လာသည့် ဘိုကလေးမြို့ မြင်ကွင်းကား ကျေနပ်ဖွယ်၊ အားရဖွယ်၊ ရှုမငြီးဖွယ် မြင်ကွင်းများပင် ဖြစ်ပါတော့သည်။ ။

## ဆရာဝန်အသင်းဆေးပညာ စာပေးစာယူသင်တန်း ဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၁၉**

မြန်မာနိုင်ငံဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာ သင်ကြားရေးယူနစ်(CME)က ကြီးမှူး၍ အနယ်နယ်အရပ်ရပ်မှ အထွေထွေရောဂါကုဆရာဝန်များအတွက် Diagnostic Medical-Surgical Procedures(2008) စာပေးစာယူသင်တန်းကို အောက်တိုဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ သင်ကြားပို့ချမည်ဖြစ်သည်။

စိတ်ပါဝင်စားသော ဆရာဝန်များသည် အောက်တိုဘာ ၂၀ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ ရုံးချိန်အတွင်း အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းရုံး ရုံးအဖွဲ့မှူး ဖုန်း- (၃၇၈၈၆၃၊ ၃၈၀၈၉၉ နှင့် ၃၉၄၁၄၁) တို့သို့ ဆက်သွယ်စာရင်းပေးသွင်း၍ သင်တန်းတက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

## အထက(၃) တာမွေ အာစရိယပူဇော်ပွဲ

**ရန်ကုန် အောက်တိုဘာ ၁၉**

ခေတ်အဆက်ဆက် ပညာသင်ကြား ပို့ချပေးကြသော ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် (၁၉၆၄- ၁၉၇၂) အငြိမ်းစားဆရာကြီးများ၊ ဆရာမကြီးများအား အောက်တိုဘာ ၂၆ ရက် နံနက် ၁၀ နာရီတွင် ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ ဒသမအကြိမ် အာစရိယပူဇော်ပွဲကို အ. ထ. က (၃)တာမွေ အားမာန်ခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။ ပါဝင်လှူဒါန်းလိုသူများသည် ဦးခင်စိုး ဖုန်း- ၅၄၅၄၉၄၊ ဒုတိယ ဗိုလ်မှူးကြီးကျော်သိန်း (ငြိမ်း) ဖုန်း- ၇၁၀၃၉၆၊ ဦးအေးကြူ ဖုန်း- ၀၉-၅၁-၁၈၆၀၈၊ ဗိုလ်မှူးချိုချိုအောင်(ငြိမ်း) ဖုန်း-၆၄၀၀၂၉၊ ဦးနေဝင်း ဖုန်း-၅၄၀၀၆၁၊ ဦးအေးလွင် ဖုန်း- ၀၉-၅၁-၃၄၉၁၈၊ ဦးတင်မောင်ဝင်း ဖုန်း-၀၉-၅၀-၀၄၈၃၆၊ ဦးဝင်းကို ဖုန်း- ၅၅၅၅၄၃၊ ဒေါ်ခင်စန်းဝင်း ဖုန်း-၀၉-၅၁-၇၁၄၃၄၊ ဒေါ်မြတ်မြတ်ခိုင် ဖုန်း- ၀၉-၅၀-၁၀၃၆၆တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

**ရန်ကင်းမြို့နယ် အားမာန် အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်း လီမိတက်၏ နှစ်ပတ်လည် အစည်းအဝေးကို အောက်တိုဘာ ၁၈ ရက်က ရန်ကင်းမြို့နယ် မိုးကောင်းလမ်းရှိ အသင်းရုံးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းနိုင် အမှာစကား ပြောကြားစဉ်။**

(ကြေးမုံ)



✳ ရင်သွေးငယ်များ ကျန်းမာဖို့ အကောင်းဆုံးသည် မိခင်နို့။

✳ မိခင်နို့ဖြင့် မလုံလောက်လျှင် နွားနို့၊ဆိတ်နို့ အသုံးဝင်။

✳ အစဉ်ကျိုချက် တိုက်ကျွေးပေး အသင့်မြတ်ဆုံး ကျန်းမာရေး။

၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်၊ စနေနေ့

ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေးနေ့

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့။

ပညာရေးဝန်ကြီးဌာန

## ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ရန် နှိုးဆော်

**ရန်ကုန် အောက်တိုဘာ ၁၉**

ပညာရေးဝန်ကြီးဌာနသည်အခြေခံပညာကဏ္ဍ၊ ပညာရည် မြင့်မားရေးလုပ်ငန်းများကို တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပညာသင်နှစ်အလိုက် အခြေခံပညာကျောင်းအားလုံးတွင် ပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းများကို ပညာရေးပြက္ခဒိန်ရေးဆွဲသတ်မှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရေးပြက္ခဒိန်အရ ၂၀၀၈ ခုနှစ် အောက်တိုဘာ ၂၅ရက် (စနေနေ့)ကို ကျောင်းနှင့် ဝန်းကျင်သန့်ရှင်းရေးနေ့ အဖြစ် သတ်မှတ်ပေးထားပြီး ဖြစ်သဖြင့် အဆိုပါနေ့၌ နိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းအလိုက် ကျောင်းအုပ်ကြီးများ၏ ဦးဆောင်မှုဖြင့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း(၅)ရပ်ကို ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် သက်ဆိုင်ရာမှ နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မင်းတုန်းအသင်း(ရန်ကုန်) စုပေါင်းအလှူပွဲ

**ရန်ကုန် အောက်တိုဘာ ၁၉**

မင်းတုန်းအသင်းဝင်သူအားလုံးနှင့် အသင်းမဝင်ရသေးသူများ အပါအဝင် မင်းတုန်းသူ မင်းတုန်းသားအားလုံး စုပေါင်း အလှူဒါနပြုပွဲကို နိုဝင်ဘာ ၂ရက်(တနင်္ဂနွေနေ့) နံနက် ၈း၃၀နာရီမှ ၁၁း၃၀နာရီအထိ ဗိုလ်တထောင်ဘုရားအနီး ပတ္တမြားကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များနှင့် လှူဒါန်းလိုသူများသည် ဦးအောင်သိန်း ဖုန်း-၆၉၉၀၃၂၊ဦးမြသန်း ဖုန်း-၂၅၀၅၁၅၊ ဒုဗိုလ်မှူးကြီးစိန်သန်းဖုန်း-၃၇၀၅၆၁၊ ဒေါ်မြင့်မြင့်သန်း ဖုန်း-၅၁၃၂၇၂ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။

(ကြေးမုံ)



မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးလုပ်ငန်းအဖွဲ့ (၁၄)၊ ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ (စည်ပင်နယ်နိမိတ်အတွင်း) အသက် (၇၅)နှစ် အဖွဲ့ဝင်များနှင့် အဖွဲ့ဝင်များ၏ သားသမီးများမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား၊ကျောင်းသူများအား ထောက်ပံ့ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ပွဲကို အောက်တိုဘာ ၁၆ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ (စည်ပင်နယ်နိမိတ်အတွင်း) ဥက္ကဋ္ဌ ဗိုလ်မှူးကြီးအောင်သန်းဝင်း(အငြိမ်းစား)က ထောက်ပံ့ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။ (စစ်မှုထမ်းဟောင်း)

# ကြည့်မြင်တိုင်မြို့နယ်ရပ်ကွက်ပညာပဒေသာဌာနဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၁၉**

ရန်ကုန် အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ရပ်ကွက်ပညာပဒေသာဌာန ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၅ရက်က ဘောဂ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အုံးမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မဥ္စူဝင်းနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အလိုက် အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် ပညာရေးအဖွဲ့ခေါင်းဆောင် ဒေါ်ဇင်နီမြင့်၊ တွဲဖက်ခေါင်းဆောင် ဒေါ်အေးမာဦးတို့က ရပ်ကွက်ပညာပဒေသာဌာနများ ဖွင့်လှစ်ရခြင်းနှင့် အမျိုးသမီးရေးရာအကြောင်းတို့ကိုဟောပြောကြပြီး အလှူငွေနှင့်စာအုပ်များ ပေးအပ်လှူဒါန်းကြသည်။

အခမ်းအနားအပြီးတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အုံးမြင့်နှင့်အဖွဲ့ဝင်များသည် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၏ ဝင်ငွေတိုးလုပ်ငန်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။ (၅၄၆)

# တရုတ်-အာဆီယံကုန်စည်ပြပွဲတက်ရောက်ရန် သစ်လုပ်ငန်းရှင်များအဖွဲ့ ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၁၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ အောက်တိုဘာ ၂၂ရက်မှ ၂၅ရက်အထိ ကျင်းပမည့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲသို့ တက်ရောက်ရန် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းအထွေထွေအတွင်းရေးမှူး ဦးနေထွန်းမင်းနှင့် တွဲဖက်အတွင်းရေးမှူး(၂) ဦးအောင်နိုင်ဦး ဦးဆောင်သည့် အဖွဲ့ဝင် ၁၂ဦးပါအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အသင်း တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာမျိုးသက်နှင့်ဗဟိုအလုပ်အမှုဆောင်ဦးဇော်ဝင်းတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

(၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းဝင် ကုမ္ပဏီကိုးခုတို့က ကျွန်း၊ပိတောက်၊ သင်းဝင်၊ ရင်းတိုက်၊ တမလန်းတို့ဖြင့် ပြုလုပ်ထားသည့် ဆက်တီများ၊ ထမင်းစားပွဲများ၊ ဘုရားစင်များ၊ ကုလားထိုင်များ၊ လိုက်ကာချပ်များကို ပြခန်းပေါင်း ၂၀ဖြင့် ခင်းကျင်းပြသမည်ဖြစ်သည်။ ထို့ပြင်တရုတ်ရိုးရာပရိဘောဂ အချောထည်များကိုလည်း စိတ်ဝင်စားဖွယ် ခင်းကျင်းပြသ သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# အေးရှားပလာဇာမြေညီထပ် တယ်လီဖုန်းဟန်းဆက် အရောင်းဆိုင်မှ ဖုန်းခွံများခိုးယူသူအား ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် အောက်တိုဘာ ၁၉**

**ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အေးရှားပလာဇာရှိ ဟန်းဆက်အရောင်းဆိုင်မှ ကျပ်သိန်း ၂၀၀ခန့် တန်ဖိုးရှိ ဖုန်းခွံများခိုးယူသူအား ကျောက်တံတားမြို့နယ်ရဲတပ်ဖွဲ့က ဩဂုတ် ၁၁ရက်တွင် ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရှိရသည်။**

ဖြစ်ပွားပုံမှာ ဇူလိုင် ၃ရက် နံနက် ၉နာရီခွဲတွင် အေးရှားပလာဇာ မြေညီထပ်အခန်းအမှတ်(၃၀)၌ ဖွင့်လှစ်ထားသော တယ်လီဖုန်းဟန်းဆက်အရောင်းဆိုင်ကို ဖွင့်လှစ်ရာ ဆိုင်အတွင်းရှိ လက်ကိုင်ဖုန်းခွံအသစ် ၈၂ လုံးနှင့် ငွေသားကျပ် ၁၀၈၀၀၀၀၊ စုစုပေါင်း ငွေကျပ်သိန်း ၂၀၀ခန့် ပျောက်ဆုံးနေကြောင်း တွေ့ရှိရသဖြင့် ဦးအေးမင်းထွန်းက ကျောက်တံတားရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့သည်။

အမှုပေါ်ပေါက်ရေးအတွက် ကျောက်တံတားရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အဖွဲ့များခွဲကာ စုံစမ်းခဲ့ရာ ဘာဘူ(ခ)ခင်စိုး အမှတ် - ၁၈၆၊ ၃၆လမ်း၊ (၃)ရပ်ကွက် ကျောက်တံတားမြို့နယ်က ခိုးယူခဲ့ပြီး ၎င်းနှင့်အတူ စာကလေး(ခ)ကျော်မြင့်သည် ခိုးယူရရှိသော တယ်လီဖုန်းအခွံများအား ရောင်းချရန် ကရင်ပြည်နယ် မြဝတီမြို့ဘက်သို့ ထွက်ခွာသွားကြောင်း၊ ထို့ကြောင့် ကရင်ပြည်နယ်ရဲတပ်ဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်၍ ဩဂုတ် ၁၀ ရက်တွင် တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသော စာကလေး(ခ)ကျော်မြင့်အား မြဝတီရဲစခန်းမှ တပ်ဖွဲ့ဝင်များက မြဝတီမြို့၌ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ယင်းနောက် ဩဂုတ် ၁၁ရက်တွင် ရွှေဖားမင်းတည်းခိုခန်း၌ ထွေးအောင်အမည်ဖြင့် တည်းခိုနေသော ဘာဘူ(ခ)ခင်စိုးအား ရန်ကုန်တိုင်းရဲတပ်ဖွဲ့နှင့် ကရင်ပြည်နယ်ရဲတပ်ဖွဲ့တို့က ပူးပေါင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ ဘာဘူ(ခ)ခင်စိုးအား စစ်မေးရာ ပြစ်မှုကျူးလွန်ကြောင်းဝန်ခံပြီး ဘာဘူ(ခ)ခင်စိုး၏ ဇနီး မမေဇင်ကျော်ထံမှ လက်ကိုင်ဖုန်းအခွံ ၂၈လုံး၊မမေဇင်ကျော်၏ ဦးလေး ဝမ်းကွဲ ဦးလှမြင့်ထံမှ လက်ကိုင်ဖုန်းအခွံ ၄၀၊ ဘာဘူ(ခ)ခင်စိုး၏ အစ်ကိုလာလူး(ခ)ထွေးအောင်ထံမှ လိုင်းပါနိုကီယာဖုန်းတစ်လုံးတို့ကို ပြန်လည်သိမ်းဆည်းနိုင်ခဲ့သည်။

ပြစ်မှု ကျူးလွန် သူများအား ကျောက်တံတားရဲစခန်းမှ ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၁၀-၂၀၀၈ (တနင်္လာနေ့)

| AM & PM | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "ဒုလ္လဘနှင့်ကြုံရပြန်သော်"တရားတော် (ပထမပိုင်း)(ဆရာတော်ဘဒ္ဒန္တသောဘဏ) |
| ၇း၄၅ - ၁း၄၅ | လေ့လာမှတ်သားစေရန်ဘောလုံးအားကစားအခြေခံ |
| ၈း၀၀ - ၂း၀၀ | Soccer Update |
| ၈း၁၅ - ၂း၁၅ | အဆုံးအဖြတ် (ခန့်စည်သူ၊ အေးမြတ်သူ၊ ငှက်ပျောကြော်၊ မိုးမိုးခိုင်၊ ကျင်ဝှက်၊ သိန်းဇံ) (ဒါရိုက်တာ-ဖုန်းမြင့်အောင်) |
| ၈း၃၀ - ၂း၃၀ | နိုင်ငံတကာအနုပညာရေးရာ |
| ၉း၀၀ - ၃း၀၀ | အဆင့်မြင့်ဖျော်ဖြေချင်ရွေးရွက်လေ့ဇာတ်သဘင် |
| ၉း၂၀ - ၃း၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၃၀ - ၃း၃၀ | MRTV-4 ကျန်းမာရေးကဏ္ဍ (နဝင်းဆရာကြီးဦးငွေစိုးနှင့် တွေ့ဆုံခြင်း) |
| ၉း၅၀ - ၃း၅၀ | တေးဂီတအစီအစဉ် |
| ၉း၅၅ - ၃း၅၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၀၀ - ၄း၀၀ | Activities In The City (စန္ဒီမာပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနား) |
| ၁၀း၁၅ - ၄း၁၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၂၀ - ၄း၂၀ | တေးဂီတအစီအစဉ် |
| ၁၀း၂၅ - ၄း၂၅ | သူတို့ပြောတဲ့ သူတို့အကြောင်း (အနုပညာရှင်တက္ကသိုလ်ဂွမ်းပုံနှင့် တွေ့ဆုံခြင်း) |
| ၁၀း၅၅ - ၄း၅၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၀၅ - ၅း၀၅ | ကော်ဖီထုတ်လုပ်ခြင်းနှင့်ကော်ဖီသောက်သုံးမှု |
| ၁၁း၂၀ - ၅း၂၀ | တေးဂီတအစီအစဉ် |
| ၁၁း၂၅ - ၅း၂၅ | Biz Net |
| ၁၁း၃၅ - ၅း၃၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၄၀ - ၅း၄၀ | ပွဲလယ်တင့်တယ်ခံ့ညားတယ် |
| ၁၁း၅၀ - ၅း၅၀ | တေးဂီတအစီအစဉ် |
| ၁၁း၅၅ - ၅း၅၅ | မိခင်နို့တိုက်ကျွေးခြင်းအကျိုးကျေးဇူးများနှင့် မယ်လမင်းဓာတ်ပါဝင်နေသော အစားအစာများ (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသော်ဇင်၊ ဒေါက်တာအေးအေးသိန်း) |
| ၁၂း၃၅ - ၆း၃၅ | တေးဂီတအစီအစဉ် |
| ၁၂း၄၀ - ၆း၄၀ | စိုက်ပျိုးဝေဆာတို့မြေမှာ (သင်္ဘောပင်စိုက်ပျိုးနည်း) |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4** အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

# သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းအတွင်း သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့် မီးဒုံးများ(ရှူးဒိုင်း) ပစ်ဖောက်ခြင်းဖြင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ဗြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)တို့ ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ ယင်းသို့ တားမြစ်ထားသော်လည်း ယမန်နှစ် ၂၀၀၇ခုနှစ် သီတင်းကျွတ်ကာလနှင့်တန်ဆောင်တိုင်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့် ဒုံးများ (ရှူးဒိုင်း)များ ထုတ်လုပ်ရောင်းချသဖြင့် အရေးယူမှု (၁၃)မှုတွင် ရောင်းချသူ (၁၁)ဦးအား အနည်းဆုံးထောင်ဒဏ်(၂)နှစ်မှ အများဆုံးထောင်ဒဏ် (၃)နှစ်အထိ ပြစ်ဒဏ်ချမှတ် အရေးယူခဲ့သည်။ ပစ်လွှတ်ခြင်း၊ ပစ်ဖောက်ခြင်းများ ပြုလုပ်သူ နှစ်ဦးအား အနည်းဆုံးထောင်ဒဏ် တစ်နှစ်မှ အများဆုံးထောင်ဒဏ် နှစ်နှစ်အထိ ပြစ်ဒဏ်ချမှတ်အရေးယူခဲ့သည်။

၃။ သို့ဖြစ်ပါ၍ ယခုနှစ် ၂၀၀၈ခုနှစ်တွင် သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)များအား ထုတ်လုပ်ရောင်းချခြင်း၊ ပစ်လွှတ်ခြင်း၊ ပစ်ဖောက်ခြင်းများ ပြုလုပ်ပါက ယခင်နှစ်များနည်းတူ တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

၄။ သတင်းပေးသူကို ထိုက်တန်စွာ ဆုချီးမြှင့်မည်။

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**

### ရန်ကင်းမြို့နယ်၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွား၊ ထိခိုက်ဒဏ်ရာရရှိမှု၊ ပျက်စီးဆုံးရှုံးမှုမရှိ

# ပြည်သူများက အဖျက်သမားများအား ရွံ့မုန်းကာ

### ဖမ်းဆီးဖော်ထုတ်အရေးယူနိုင်ရေးအတွက် တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၉**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် (၁၅)ရပ်ကွက် ဘောက်ထော်ဘုတာရုံလမ်းနှင့် မိုးကောင်းလမ်းဆုံအနီး ကားလမ်းနံဘေး မြက်ခင်းပြင်၌ အောက်တိုဘာ ၁၈ရက် ည၇နာရီ ၁၀မိနစ်ခန့်တွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း၊ သို့ရာတွင် လူထိခိုက်ဒဏ်ရာရရှိမှု၊ ပျက်စီးဆုံးရှုံးမှု မရှိခဲ့ကြောင်း သိရှိရသည်။

ပေါက်ကွဲမှုဖြစ်ပွားသည့် နေရာတစ်ဝိုက်ကို သက်ဆိုင်ရာတာဝန်ရှိသူများက ပိတ်ဆို့ရှင်းလင်းရှာဖွေခဲ့ရာ အဆိုပါပေါက်ကွဲမှုဖြစ်ပွားသည့်နေရာ၏ အရှေ့ဘက် ၁၅ပေခန့်အကွာ လမ်းဘေးတွင် နောက်ထပ်ချိန်ကိုက်မိုင်းတစ်လုံးကို သိမ်းဆည်း ဖော်ထုတ်ရရှိခဲ့သည်။

ယင်းပေါက်ကွဲမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ အဖျက်သမားများကပြည်သူလူထု ထိတ်လန့်ချောက်ချားစေရန်နှင့် ထိခိုက်ဒဏ်ရာရရှိစေရန်တို့အတွက် ကြံစည်လုပ်ဆောင်လျက်ရှိသည်ကို သိရှိကြသော ပြည်သူများက အဖျက်သမားများအား ရွံ့မုန်းကာ ဖမ်းဆီးဖော်ထုတ်အရေးယူနိုင်ရေး လိုလားလျက်ရှိကြသဖြင့် တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြစ်ဝကျွန်းပေါ်၌ မိုးဆက်လက်ထစ်ချုန်းရွာနိုင်

ရန်ကုန် အောက်တိုဘာ ၁၉

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော၂၄နာရီအတွင်းက ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်း တို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ဟသ်ာတမြို့တွင် ၂ဒသမ၀၁လက်မ၊ ရန်ကုန်(မြို့လယ်)နှင့် ကိုကိုးကျွန်းမြို့တွင် ၁ဒသမ၂၆လက်မစီနှင့် ဖျာပုံမြို့တွင် ၀ဒသမ၇၉လက်မ တို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

**အောက်တိုဘာ ၂၀ရက်ညနေထိ ခန့်မှန်းချက်။** ။ ဧရာဝတီတိုင်းတွင် နေရာစိပ်စိပ်၊ရခိုင်ပြည်နယ်၊မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြစ်ဝကျွန်းပေါ်ဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၃၅ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၉၅ ဒီဂရီဖာရင်ဟိုက်) ၁၈-၁၀-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၂၀ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၆၉ဒီဂရီဖာရင်ဟိုက်) ၁၉-၁၀-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၅ ရာခိုင်နှုန်း ၁၉-၁၀-၂၀၀၈

နေပူသည့်နာရီပေါင်း ၅ဒသမ၉ နာရီခန့် ၁၈-၁၀-၂၀၀၈

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၁၉-၁၀-၂၀၀၈ | ၁၆မမ(၀ဒသမ၆၃လက်မ) | ၁၃မမ(၀ဒသမ၅၁လက်မ) | ၃၂မမ(၁ဒသမ၂၆လက်မ) |
| ၁-၁-၂၀၀၈မှ | ၂၅၇၈ မမ | ၂၈၆၉မမ | ၃၃၆၀မမ |
| ယနေ့အထိ | (၁၀၁ဒသမ ၅၀လက်မ) | (၁၁၂ဒသမ ၉၅လက်မ) | (၁၃၂ဒသမ ၂၈လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၈-၁၀-၂၀၀၈ ရက် ၂၃း၄၀နာရီတွင် တောင်ဘက်မှ တစ်နာရီ ရှစ်မိုင်နှုန်း တိုက်ခတ်သည်။






(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး အခြေခံပညာအဆင့် အသက် (၁၅)နှစ်မှ (၂၀)နှစ်အထိ အမျိုးသား အကပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

# (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲများ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၁၉

**(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး နာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ယနေ့နံနက် ၉ နာရီတွင် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့် အသက် (၁၅)နှစ်မှ (၂၀)နှစ် အမျိုးသမီး ခေတ်အကြိုက်တေး အဆိုပြိုင်ပွဲကျင်းပသည့် နေပြည်တော်ရှိ ရွှာတော်အမှတ်(၇) တည်းခိုရေးစခန်း သင်တန်းခန်းမဆောင်သို့ရောက်ရှိရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ တာဝန်ရှိသူ များက ကြိုဆိုကြသည်။**

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ရှေးဦးစွာ အတွင်းရေးမှူး(၁)သည် ခေတ်အကြိုက်တေး အဆိုပြိုင်ပွဲတွင် ကြီးကြပ်အကဲဖြတ်အမှတ်ပေးကြသည့် အကဲဖြတ်ပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အခြေခံပညာအဆင့် အသက် (၁၅)နှစ်မှ (၂၀)နှစ် အမျိုးသမီး ခေတ်အကြိုက်တေး သီဆိုပြိုင်ပွဲဝင်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နေပြည်တော်ရေဆင်းတက္ကသိုလ်နယ်မြေရှိ အကပြိုင်ပွဲကျင်းပသည့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမသို့ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

# သားသမီးတို့အပေါ်ထားရှိသော မိဘ၏မေတ္တာ၊ ကရုဏာတို့ကဲ့သို့ ပြုစုစောင့်ရှောက်ပေးမှုကြောင့် တိုးတက်စည်ပင်လာသည့် ဘိုကလေးမြို့မြင်ကွင်း



**ပြန်လည် ပြင်ဆင်ပြီး လည်ပတ်ကြိတ်ခွဲနေသည့် ဘိုကလေးမြို့မှ ဆန်စက်။**

သတင်းဆောင်းပါး-မောင်မောင်ထွေး(သတင်းစဉ်)
ဓာတ်ပုံ-လှမိုး(သတင်းစဉ်)

ကျွန်တော်တို့သတင်းအဖွဲ့သည် ဖျာပုံမြို့မှ ဘိုကလေးမြို့သို့ ဆက်လက်ခရီးနှင်ခဲ့သည်။ ဖျာပုံနှင့် ဘိုကလေးသည် ၁၉ မိုင်ခန့်ဝေး၏။ လတ်ဆတ်သန့်ရှင်းသောလေကို ရှူရှိုက်ရပြီး မြစိမ်းရောင် စပါးခင်းကို မြင်တွေ့ရမှုကြောင့် လမ်းခရီးတွင် အပူဒဏ်သက်သာရာရခဲ့သည်။ လမ်းခရီးတစ်လျှောက် ကျေးရွာများကိုမြင်တွေ့ရသည်မှာ ကိုယ့်အသက်မွေးဝမ်းကျောင်း အလုပ်ကိုယ်စီတို့ဖြင့် တိတ်ဆိတ် **စာမျက်နှာ ၉ ကော်လံ ၁ သို့ ●**

**သီးကင်းများလိုက်နေသော စပါးခင်း**(အောက်ပုံ)**နှင့် ဈေးကွက်သို့တင်ပို့ရန် ပြင်ဆင်ထားသည့် ငါး၊ ပုစွန်များ**(အောက်ယာပုံ)။



